မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၅၇)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့) ဓမ္မပူဇာမင်္ဂလာအခမ်းအနား သီရိမင်္ဂလာ ကမ္ဘာအေးစေတီ အာရုံခံတန်ဆောင်း၌ ကျင်းပ

တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့)

တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့) ဓမ္မပူဇာမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၆

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၆၉ ခုနှစ် တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့) ဓမ္မပူဇာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း အပေါ်ထပ်၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်း ၂၁ သင်းမှ အသင်းသူ အသင်းသားများ တက်ရောက်ကြည်ညိုကြသည်။

ရွတ်ဆိုဆုတောင်း

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဘာသာရေးဝတ်အသင်းအဖွဲ့များက နတ်ပြဟ္မာများကို ပင့်ဖိတ်ခြင်း၊ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထားမြတ်စွာဘုရားကို ပင့်လျှောက်ခြင်း၊ အဂ္ဂသာဝက နှစ်ဆူ ဖြစ်သော ရဟန္တာအရှင်မြတ်နှစ်ပါးကို ပင့်လျှောက်ခြင်း၊ ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ခြင်း၊ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား မြတ်စွာဘုရားထံ ဂရုဓမ္မအမည်ရသော ငါးပါးသီလကို ခံယူဆောက်တည်ကြခြင်း၊ ဂရုဓမ္မအခါတော်နေ့ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ စေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးစောကြိုင်က မင်္ဂလာ ထောမနာစကားပြောကြားခြင်း၊ ဂရုဓမ္မဇာတ်တော်အမွှမ်း၊ ဂရုဓမ္မ ဇာတ်ပါဠိတော်နှင့် မဟာဓမ္မပါလဇာတ်တော် ပါဠိတော်တို့ကို စုပေါင်းရွတ်ဖတ်ပူဇော်ကြခြင်း၊ ငါးပါးသီလ ကိုယ်ချင်းစာတရား ကဗျာကို စုပေါင်းရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာပို့အမျှပေးဝေ၍ နတ်ပြဟ္မာများကို ပြန်ပို့ခြင်း၊ ဆုတောင်းပတ္ထနာ မေတ္တာပို့ကဗျာများကို ရွတ်ဆိုဆုတောင်းကြ၍ ဓမ္မပူဇာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ယနေ့ မြန်မာ့နိုင်ငံရေးမြင်ကွင်းမှ အမှန်နှင့်အမှားများ (၁)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဒီနေ့အစိုးရဟာ ပြည်သူ့ဆန္ဒဦးစားပေးပြီး နိုင်ငံတော်နဲ့ ပြည်သူအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးထမ်းဆောင်နေပါတယ်။ ဒါဟုတ်သလား၊ မဟုတ်ဘူးလား ခင်ဗျားတို့စဉ်းစား။ ဒီလိုထမ်းဆောင်ရာမှာလဲ ဒေါ်စုကြည်နဲ့ NLD ရဲ့ အတို့အထောင်ကောင်းမှုကြောင့် စီးပွားရေးပိတ်ဆို့မှုတွေနဲ့ အခက်အခဲ အကျပ်အတည်းမျိုးစုံနဲ့ ကြုံခဲ့ရသလား၊ မကြုံခဲ့ရဘူးလား ကျွန်တော်တို့ ခင်ဗျားတို့အသိ။ ဒါပေမယ့် ဒီလိုပိတ်ဆို့မှု အခက်အခဲအကျပ်အတည်းတွေကြားထဲကပဲ အစိုးရက ဦးဆောင်၊ ပြည်သူက နောက်ကပါပြီး ကြံ့ကြံ့ခိုင်ခိုင် ညီညီညွတ်ညွတ် ရင်ဆိုင်တွန်းလှန် ကျော်လွှားနိုင်ခဲ့ကြတာ မဟုတ်ဘူးလား။ ဒါကြောင့် ဒီနေ့ ဒီအခြေအနေရောက်လာတာ မဟုတ်ဘူးလား။ ဒီနေ့ ဒီအဆင့်ရောက်လာဖို့ ဘယ်ပါတီတွေက ကူခဲ့သလဲ။ ဘယ်ပါတီခေါင်းဆောင်ကဘာတွေအကျိုးပြုခဲ့သလဲ။ ထစ်ခနဲရှိ ဖျက်ဖို့ပဲ စဉ်းစားကြံစည်နေတဲ့ အဆိုးမြင် အကြမ်းဖက်ဝါဒီတွေရဲ့ကြားထဲကနေ ကျွန်တော်တို့ ခင်ဗျားတို့ ကိုယ့်ခွန်ကိုယ့်အားနဲ့ရင်းပြီး ယူခဲ့ရတဲ့ ရလဒ်တွေ၊ အသီးအပွင့်တွေ မဟုတ်ဘူးလား။ ခင်ဗျားတို့အားလုံး သိပါတယ်။ သိသိကြီးနဲ့ ခင်ဗျားတို့၊ ကျွန်တော်တို့ နွံ့ဆိုး ဆိုးနေဖို့တော့ မသင့်ဘူးပေါ့။

ကျော်မင်းလူ (ရွှေပြည်သာ)၏ ဆောင်းပါး (စာ ၈၊ ၉ နှင့် ၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

(စာ ၈၊ ၉ နှင့် ၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်)

ထူးချွန်ထက်မြက်သော လူငယ်များ ဖြစ်ထွန်းရေး ကွန်ပျူတာနည်းပညာ အသုံးပြုသင်ကြားမှု အလေးထား

လူငယ်လူရွယ်များသည် နောင်အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်လာမည့် နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များဖြစ်သည်။ လူငယ်များအား အိုင်တီ၊ ကွန်ပျူတာ နည်းပညာ၊ ဘာသာစကားဆိုင်ရာ သင်တန်းများကို ထိရောက်စွာသင်ကြားစေခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်သည်။

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်သည်။ ပညာခေတ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်က ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ အရှိန်အဟုန်ဖြင့်ပေါ်ထွက်လာစေရန် ကွန်ပျူတာတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ပေးသကဲ့သို့ နည်းပညာကောလိပ် ၄၉ ခုကိုလည်း တက္ကသိုလ်အဆင့် မြှင့်တင်ဖွင့်လှစ်ပေးခဲ့သည်။

ထို့အပြင် အခြေခံပညာအဆင့်ကျောင်းများ၌လည်း ကွန်ပျူတာနှင့် Language Lab စာသင်ခန်းများထားရှိလျက် ကျောင်းသားကျောင်းသူများအား ထိရောက်စွာ သင်ကြားပေးနိုင်ရန် စီစဉ်ပေးထားသည်။

ဆရာ၊ ဆရာမများအနေဖြင့် လူငယ်လူရွယ် ကျောင်းသားကျောင်းသူများအား ဘာသာရပ်ဆိုင်ရာများ သင်ကြားပေးရာတွင် ကွန်ပျူတာအသုံးပြု၍ ပိုမိုထိရောက်စွာ သင်ကြားပေးရမည်ဖြစ်သည်။ ကွန်ပျူတာနည်းပညာ အသုံးပြုသင်ကြားမှု အားကောင်းလာသည်နှင့်အမျှ လူငယ်လူရွယ်များ၏ အရည်အချင်းသည်လည်း ပိုမိုတိုးတက်လာမည် ဖြစ်ပေသည်။

နိုင်ငံတော်က အခြေခံပညာရေးကဏ္ဍတွင် ၁၉၈၈ခုနှစ်က အခြေခံပညာကျောင်းပေါင်း ၃၃၇၄၇ကျောင်းရှိရာမှ ယခုအခါ အခြေခံပညာကျောင်း ၄၁၈၁၆ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်သဖြင့် အခြေခံပညာကျောင်း ၈၀၆၉ကျောင်း တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ ယင်းကျောင်းများ၌ ခေတ်မီကွန်ပျူတာနည်းပညာများ တိုးတက်သင်ကြားနိုင်ရန် စီမံဆောင်ရွက်ပေးထားသည်။

သို့ဖြစ်ရာ ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ခေတ်နှင့်အညီ ကွန်ပျူတာများ အသုံးပြုသင်ကြားခြင်းများကို ထိထိရောက်ရောက် အလေးအနက်ထား သင်ကြားပေးသွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများ ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၇ခု ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ ၁၆ရက်မှ ၂၅ရက်အထိလည်းကောင်း၊ အတန်းတင် စာမေးပွဲများကို အောက်တိုဘာ ၃၀ရက်မှ နိုဝင်ဘာ ၆ရက်အထိ လည်းကောင်း၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်၊ မော်လမြိုင် တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ဟသ်ာတတက္ကသိုလ်၊ဘားအံတက္ကသိုလ်၊မြိတ်တက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ် စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ဖော်ပြပါ အဝေးသင်ဌာနခွဲ အသီးသီး၌ မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာ(မြန်မာစာ၊ မြန်မာမှု၊ရသစာပေ၊ သမိုင်းနှင့် စီးပွားရေးအထူးပြုနှင့် စီးပွားရေးပေါင်းစပ်ဘာသာရပ်မှအပ)နှင့် စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသားကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်သော အဝေးသင်ဌာနခွဲများ၌ အနီးကပ်ပို့ချ သင်တန်းများ တက်ရောက်ပြီး အဆိုပါဌာနခွဲရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ပင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ်အစီအစဉ် ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်၊ ဒီဂရီကောလိပ်ဌာနခွဲများ၌ ကြေညာထားမည်ဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၇-၉-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၂၅)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ကုန်သွယ်သုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ်ရာများနှင့် နှလုံးသား** (အပိုင်း-၄)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုလမ်း အမှတ် ၉၆ နေ ဖခင် ဗိုလ်ကြီးသက်ထွန်း - မိခင် ဒေါ်ငြိမ်းငြိမ်းတို့၏ သား မောင်စည်သူသက်ထွန်း (၁၇) နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို တိပိဋကရေဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တီ=နီ (ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၀၇ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ (World Maritime Day-2007) အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက Asia World Port Terminal အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦးက အမှာစကားပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဌာနေကိုယ်စား Mr. Charles Petrie က အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် အတွင်းရေးမှူးချုပ် Mr. Mitropolos ၏ သဝဏ်လွှာကို ဖတ်ကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကဆိပ်ကမ်းများမှ Managing Director များ၊ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများ အစည်းအရုံးမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာသင်္ဘောသားများ အစည်းအရုံးမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာသင်္ဘောသား ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရှိ သင်္ဘောကုမ္ပဏီများမှ ဒေသခံကိုယ်စားလှယ်များ၊ ရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းသားများနှင့် ဧည့်သည်များ တက်ရောက်ကြသည်။

ကြည့်ရှုလေ့လာ

အခမ်းအနားတွင် တက်ရောက်လာကြသူများက သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ "Invaders from the sea" ဗီဒီယိုကိုပြပြီး ၂၀၀၇ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကာကွယ်ဖို့ ကြိုတင်စီမံဆောင်ရွက်စို့ (IMO's Response to Current Environmental Challenges) နှင့် စပ်လျဉ်းသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံရေကြောင်းဘက်ဆိုင်ရာဌာနများနှင့် လှုပ်ရှားမှုဓာတ်ပုံမှတ်တမ်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ် ၃၇ ခေမာသီ ၃ လမ်း မိကျောင်းကန်အပိုင်း (၃) ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်နေ ဦးသန်းထွန်းအေး-ဒေါ်နန်းပင်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က-ပ)

ဂန့်ဂေါမြို့နယ်ရှိ ကုန်းတွင်းလုပ်ကွက် အမှတ်-D ရှိ ပုထိုးလုံအစမ်းတွင်း အမှတ်(၁) စတင်တူးဖော်

ရေနံ/သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မည့်နေရာများရှာဖွေထုတ်လုပ်

နေပြည်တော် စက်တင်ဘာ ၂၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၌ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ SINOPEC International Petroleum(Myanmar)Co.,Ltd. တို့က အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော မကွေးတိုင်း ဂန့်ဂေါမြို့နယ်ရှိ ကုန်းတွင်းလုပ်ကွက် အမှတ်-D ရှိ ပုထိုးလုံအစမ်းတွင်း အမှတ်(၁) စတင်တူးဖော်သည့်အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Guan Mu, SINOPEC International Petroleum (Myanmar) Co.,Ltd.မှ တာဝန်ရှိသူများနှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ရှေးဦးစွာ ဝန်ကြီးအား ပုထိုးလုံအစမ်းတွင်း အမှတ်(၁) ရှင်းလင်းဆောင်၌ SINOPEC International Petroleum (Myanmar) Co., Ltd. Vice President, Mr. Lu Bacping နှင့် တာဝန်ရှိသူများက ကုန်းတွင်းလုပ်ကွက်အမှတ်-D အတွင်းရှိ ဘူမိအနေအထားများ၊ လက်ရှိတူးဖော်သွားမည့်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

လက်ဆောင်ပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် တွင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားသား ပညာရှင်များနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဝန်ထမ်းများအား သစ်သီးခြင်းလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးသည် ပုထိုးလုံအစမ်းတွင်းအမှတ်(၁)အား တူးဖော်မည့် တွင်းတူးစက် ZJ 70 D တွင်းတူးစက်ပေါ်၌ တွင်းတူးမောင်းတံကိုနှိပ်၍ တွင်းစတင်တူးဖော်ပေးပြီး တွင်းတူးစက်နှင့် တွင်းတူးဖော်ရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စမ်းသပ်ထုတ်လုပ်

ယခုစမ်းသပ်တူးဖော်မည့် ပုထိုးလုံအစမ်းတွင်းအမှတ်(၁)သည် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ကုန်းတွင်းလုပ်ကွက် အမှတ်-D အတွင်း တည်ရှိကာ အနက် ၁၅၇၄၉ ပေ တူးဖော်မည်ဖြစ်ပြီး အီအိုဆင်းသက်တမ်းရှိကာ ပုံတောင်၊ တပင်၊ ထီးလင်း၊ ကျောက်စဉ်စုများ အတွင်းမှ သဲကြောများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မည့် အလားအလာများကို ရှာဖွေတူးဖော်စမ်းသပ်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည့် တောင်ဘက် စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်း မြို့နယ် (၃)ရပ်ကွက် သာယာအေး လမ်းသွယ်(၃) ခြံအမှတ် ၂/(ည)နေ သားသား ကိုစိုးအောင် မွေးနေ့အတွက် ဖေဖေ ဦးထွန်းအေး၊ မေမေ ဒေါ်လှမေ၊ ဇနီး မယုယုစိမ်း (ခေတ္တ-စင်ကာပူ)၊ ညီမ မနုနုခင်(ထ-၂) မရမ်းကုန်းက ငွေကျပ် ၁၀သိန်းကို တတိယအကြိမ်အဖြစ် လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးသိန်းထွန်းတို့က လက်ခံယူစဉ်။ (က-ပ)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ဆောက်လုပ်ဆဲတံတားပြိုကျ ဗီယက်နမ်တွင် ၅၂ ဦးသေဆုံး

ဟန္နိုင်း စက်တင်ဘာ ၂၆

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းတွင် စက်တင်ဘာ ၂၆ ရက်က ဆောက်လုပ်ဆဲ တံတားတစ်စင်း ပြိုကျခဲ့ရာ အနည်းဆုံး ၅၂ ဦးသေဆုံးပြီး ဒါဇင်များစွာ ဒဏ်ရာရခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ပြိုကျ

ယင်းနိုင်ငံတောင်ပိုင်း ဗင့်ချ်လောင်ပြည်နယ်တွင် တည်ဆောက်နေသော အဆိုပါတံတားပြိုကျစဉ်တွင် တံတားပေါ်၌ အလုပ်သမားများနှင့် အင်ဂျင်နီယာ ၂၅၀ ခန့် အလုပ်လုပ်နေခဲ့ကြောင်း၊ ကွန်ကရစ်တံတားအခင်းကြမ်းပြင်ကြီးများမှာ ရေထဲသို့ ပြိုကျသွားခဲ့ကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။

(အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၉-၂၀၀၇ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၀	၇။	အဆိုပြိုင်ပွဲ
၈:၁၀	၈။	အကပဒေသာ
၈:၂၀	၉။	စလင်းချောင်းတံတား
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇:၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၂၅	၇။	တေးဂီတအစီအစဉ်
၁၇:၃၅	၈။	၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် ဒုတိယတန်းအဆင့်] (အမျိုးသမီး)
၁၇:၄၅	၉။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	သီရိဂေဟာ
၁၉:၀၀	၁၃။	၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ရုပ်သေးပြိုင်ပွဲ) ဆွေးနွေးခန်း
၁၉:၁၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး တတိယ ချစ်ပုံပြင်** (အပိုင်း-၅)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး တဝဲလည်လည်** (အပိုင်း-၁၉)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

● ကျောဖုံးမှ

ဤသို့ သံဃာအချို့နှင့် လူပုဂ္ဂိုလ်အချို့ စီတန်းလှည့်လည်ဆန္ဒပြရာမှ ပြည်သူလူထုတစ်ရပ်လုံးပါဝင်လာသယောင် ပြည်ပအသံလွှင့်ဌာနကြီးအချို့နှင့် အဖျက်အမှောင့်သမားများက ကြေညာချက်၊ ပန်ကြားချက်၊ ပန်ကြားလွှာများထုတ်ပြန်ကာ ဆူပူဆန္ဒပြမှုကို အရှိန်မြှင့်ဆောင်ရွက်ရန် ကြိုးပမ်းလုပ်ဆောင်လာခဲ့ကြသည်။

အဓမ္မခြိမ်းခြောက် ဆက်ကြေးတောင်း

ယခုအခါ ဤကဲ့သို့လုပ်ဆောင်မှုများအပေါ် တည်ငြိမ်အေးချမ်းစွာ နေထိုင်စားသောက်လိုကြသော ပြည်သူအများက လက်ခံပါဝင်ဆောင်ရွက်ခြင်း မရှိကြသည့်အတွက် တန်းစီလမ်းလျှောက်ရာတွင် ပါဝင်သော အဖျက်အမှောင့်သမားအချို့က ဆန္ဒပြနေရာအသီးသီး၌ ရပ်ကွက်များအတွင်းရှိ အိမ်များသို့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ တက်ရောက်ပြီး ဆန္ဒပြသံဃာတော်များ၏ ဆွမ်းကွမ်းဝေယျာဝစ္စကိစ္စများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ငွေကြေး၊ ပစ္စည်းများလှူဒါန်းကြရန် အဓမ္မတိုက်တွန်းခဲ့ကြောင်း၊ ဤသို့လုပ်ဆောင်ပေးနိုင်ခြင်းမရှိပါက သက်ဆိုင်ရာ လူပုဂ္ဂိုလ်နှင့် နေအိမ်အဆောက်အအုံများ၏ လုံခြုံမှုအတွက် တာဝန်မယူနိုင်ကြောင်း၊ ထို့အပြင် သံဃာဆန္ဒပြဆူပူမှုများတွင် ၎င်းအိမ်များမှ ပါဝင်အားပေးခြင်းပြုလုပ်ကြရန်နှင့် လူကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းမပြုနိုင်ပါက ငွေကြေးပံ့ပိုးထည့်ဝင်ရန်ဖြစ်ကြောင်း၊ ထိုသို့မဆောင်ရွက်နိုင်ပါက သက်ဆိုင်သူများ၏ အသက်အိုးအိမ်လုံခြုံမှုအတွက် အာမမခံနိုင်ကြောင်း စသည်ဖြင့် အဓမ္မခြိမ်းခြောက်ကာ ဆက်ကြေးတောင်းလူစုသည့်ပုံစံမျိုး လုပ်ဆောင်လျက်ရှိကြကြောင်း၊ ထို့အပြင် သံဃာအချို့မှာ အိမ်တွင်းဝင်၍ အအေး၊ ဖျော်ရည်များ ကပ်ခိုင်းကြောင်း၊ ထို့နောက် ယခုဆန္ဒပြဆူပူမှုတွင် လူကိုယ်တိုင် မပါဝင်နိုင်ပါက ပါဝင်သူများအတွက် အုပ်ချုပ်မှုကိစ္စအဆင်ပြေစေရေး လှူဒါန်းထောက်ပံ့ကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားကြောင်း၊ အဆိုပါ သံဃာဆိုသူများအား ယခင်ကလည်း မသိ မမြင်ဖူးကြောင်း၊ ဆရာဒကာရင်းများလည်း မဟုတ်ကြောင်းဖြင့် သိရသည်။

ဤသို့အဓမ္မခြိမ်းခြောက်မှုများကြောင့် အိမ်ထောင်စုအချို့မှာ ငွေကျပ် လေးငါးသောင်းမှ တစ်သိန်းခန့်အထိ ဆက်ကြေးသဘောပေးခဲ့ရကြောင်းဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများသို့ အသီးသီးတိုင်ကြားလျက်ရှိကြသည်။

ဖော်ထုတ်တိုင်ကြား

သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် ဤသို့ဆန္ဒပြဆူပူမှုဖြစ်စဉ်များကိုအကြောင်းပြု၍ ခြိမ်းခြောက်အကျပ်ကိုင်ကာ ငွေကြေးကောက်ခံခြင်း၊ ဆူပူမှုများအတွင်းသို့ ကာယကံရှင်ဆန္ဒမပါရှိဘဲ အတင်းအကျပ်ခေါ်ယူခြင်းများ ပြုလုပ်လာပါက သက်ဆိုင်ရာ ရယက၊ မယကနှင့် ဒေသအာဏာပိုင်များထံသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း တိုင်ကြားကြရန်၊ အကယ်၍ လုပ်ဆောင်သူအား သိရှိပါက မည်သူမည်ဝါဖြစ်သည်ကို အတိအကျ ဖော်ထုတ်တိုင်ကြားကြရန်နှင့် မိမိတို့မိသားစု လုံခြုံရေးအတွက်လည်း သတိထားနေထိုင်ကြရန် သက်ဆိုင်ရာက အသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၂၄)ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၂၄)ကို ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**

အဆိုပါမဂ္ဂဇင်းတွင် မင်းယုဝေ၊ သိပ္ပံစိုးမြင့်နိုင်၊ ကို(တက္ကသိုလ်)၊ ကေတုနီလာ၊ ခြိမ့်နိုင်၊ မြေလတ်မောင်မြင့်သူ၊ ပုဂံမွေးကြည်၊ အောင်ရန်နိုင်(ဘီအက်စ်စီ)၊ မြတ်လွမ်းနောင် (ပုတီးကုန်း)၊ မောင်ထည်ဝါ (ပျော်ဘွယ်)၊ နှင်းသစ္စာကျော်တို့၏ ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်မြတ်သူ၊ တက္ကသိုလ်လှကြွယ်၊ တက္ကသိုလ်သန်း၊ မြင့်သိန်း(ရန်ကုန်တက္ကသိုလ်)၊ မောင်ကွန်ပျူတာ၊ ဝင်းနွယ်(သစ်တော)၊ ဝင်းနိုင်ထွန်း၊ ဖိုးထွေး(စိုက်ပျိုးရေး)၊ မောင်လှမွှေး၊ ပြည့်စုံ(သွေးသောက်)၊ သက်သက်သင်း(ပညာရေး)၊ ညွန့်ဟံ(ကြူတော)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ ဆင်ဖြူကျွန်းမြင့်သိန်းတို့၏ သုတဆောင်းပါးများ၊ လေးဝတီကျော်တို့၏ ဘာသာပြန် ဆောင်းပါးများ၊ မောင်ပညာကျော်နှင့် ကြည်လင်း(ဆေး)တို့၏ ကျန်းမာရေးဆောင်းပါးကဏ္ဍ၊ စန်းနီလာဝင်း၊ နန္ဒာမိုးကြယ်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ အောင်စိုး(တိ/ကုဆရာဝန်)၊ အမျိုးသားစာပေဆုရ မောင်အေးကို(ယမုံနာ)၊ ခင်မောင်အေး(မန္တလေး)၊ ရွှေရည်စိုး၊ မောင်မြင့်မား(ဘိုကလေး)၊ ကိုကိုလတ်(ဆည်မြောင်း)၊ ဇေယျမြေမောင်ယဉ်မွေး၊ စောလှနွယ်(မကွေး)၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ စိုးသီဟ(ရေတာရှည်)၊ ကျိုက်လတ်မိုးမြင့်၊ မြမြလှိုင်တို့၏ ရသဝတ္ထုတိုများ၊ မောင်စိန်တင်၏ ဂန္ထဝင်စာပေကဏ္ဍ၊ ဗိုလ်လောင်းလွင်ဘိုဘိုအောင်(တပ်မတော်ဆေးတက္ကသိုလ်)၏ ဝတ္ထုရှည်ကဏ္ဍ၊ မောင်မောင်စန်း(ရန်ကုန်တက္ကသိုလ်)၊ ဦးခင်မောင်မြ (B.A.B.L)တို့၏ အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ တင်အောင်နီ၊ ရွှေမင်းသား၊ သစ်ထွဏ်း၊ ငွေကြည်၊ မြေဇာ၊ မောင်မောင်ညှက်တို့၏ ကာတွန်းကဏ္ဍများနှင့် ဟာသကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ စာမူများ ပေးပို့လိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း၊ အမှတ် ၄၅၅/ ၄၅၇၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်သို့ လိပ်မူ၍ ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် စက်တင်ဘာလ ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း ကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပင်လယ်ပြင်နှင့်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ (National Committee for Environment Affairs)က ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၉)ရပ်၏ မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ လုပ်ငန်းအဖွဲ့(၂) (Task Force-2)ကကြီးမှူး၍ Mingalar Foundation နှင့် Myanmar Development Foundation တို့က ဆောင်ရွက်ပြီး Htoo Group of Companies နှင့် Dusit Inya Lake Hotel တို့က ပံ့ပိုးကူညီကျင်းပသော ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် Dusit Inya Lake Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ၏ ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ခရီးသွားလုပ်ငန်းရေရှည် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သတ္တဗေဒ၊ အဏ္ဏဝါဗေဒ၊ ရုက္ခဗေဒနှင့် စီးပွားရေးဌာနတို့မှ ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များအားလုံးပါဝင်ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ရာ ကိုယ်စားလှယ် စုစုပေါင်း ၄၀ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ဦးလှဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)နှင့် မော်လမြိုင် တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှပါမောက္ခဒေါက်တာဆွေသွင် (အငြိမ်းစား)တို့က ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲ သို့ တက်ရောက်လာကြသူများက အုပ်စု လေးစုခွဲ၍ အဏ္ဏဝါသိပ္ပံ၊ သစ်တော၊ ရေလုပ်ငန်းနှင့် ထိန်းသိမ်းရေး ခေါင်းစဉ်များအလိုက် ဆောင်ရွက်ရမည့် အကြံပြုချက်များကို အဖွဲ့လိုက်ဆွေးနွေးကြသည်။

အမှာစကားပြောကြား

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီလုပ်ငန်း အဖွဲ့ (၂)တာဝန်ခံနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ **(အပေါ်ပုံ)**က ပါဝင်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်းနှင့် ခေမာသီလမ်းထောင့်ရှိ မဟာစည် ပြည့်စုံအေး သာသနာ့ရိပ်သာ ပဓာနနာယက ပြည်တွင်း၊ ပြည်ပ သာသနာပြုဆရာတော် ဘဒ္ဒန္တ သုဇာတ အရှင်သူမြတ်အား အမှူးထား၍ အဆိုပါရိပ်သာ၌ ဝါဆိုကပ်တော်မူသည့်ရဟန်း၊ သာမဏေများအား အလှူရှင်များက စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို အဆိုပါရိပ်သာ၌ ကျင်းပရာ ပဓာနနာယကဆရာတော်နှင့် ဆရာတော်များထံ ဝါဆိုသင်္ကန်းများ ဆက်ကပ် လှူဒါန်းကြောင်း သိရသည်။ **(ဓါပုံ) (သတင်းစဉ်)**

နေပြည်တော် ပျဉ်းမနား-မြို့ဟောင်းဒွေးလမ်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း
ဒုတိယဝန်ကြီးဦးဖေသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၀ ရက်နံနက်ပိုင်းက RBE အထူးအမြန်ရထားဖြင့် နေပြည်တော်ဘူတာမှ ပျဉ်းမနား-မြို့ဟောင်းဒွေးလမ်း ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းအပြီးသတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဘူတာအဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှုနှင့် ရထားစီးခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပျော်ဘွယ်ဘူတာနှင့် ရှမ်းရွာ ဘူတာကြား မိုင်တိုင် ၂၈၈/၁၀-၁၁ ရှိ ပျဉ်းမနား-မြို့ဟောင်းဒွေးလမ်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ကျောက်ညှိစက်(ED/PBRM-01)ဖြင့် ကျောက်ညှိ လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ညောင်ရမ်းဘူတာနှင့် နထိုးဘူတာကြား မိုင်တိုင် ၃၀၁/၈၉ ရှိ ဒွေးလမ်းဖောက်လုပ်ရေး စီမံကိန်းအောက်ခံ လမ်းခင်းကျောက် ခင်းခြင်းနှင့် ကွန်ကရစ်ဇလီဖား အကြမ်းခင်းခြင်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နထိုးဘူတာနှင့် သာစည်ဘူတာကြား မိုင်တိုင် ၃၀၂/၂၀-၂၁ ရှိ ဒွေးလမ်းတံတား တံတားအမှတ်(၅၈၈) တည်ဆောက်ပြီးစီးမှုနှင့် ရေလမ်းထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် သာစည်ဘူတာသို့ ရောက်ရှိရာ မြန်မာ့မီးရထားမှတာဝန်ရှိသူများနှင့် နေပြည်တော် ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်း ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းဒါရိုက်တာများအား ဝန်ကြီးက စီမံကိန်းကိုသတ်မှတ်ချိန်အတွင်းအမြန်ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

နေပြည်တော် ပျဉ်းမနား - မြို့ဟောင်း ဒွေးလမ်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသည် ရထားလမ်းမိုင် ၁၅၇ ဒသမ ၇၅ မိုင်ရှည်လျားပြီး တံတားကြီးငယ်ပေါင်း ၄၈၉ စင်း ပါဝင်ဖွဲ့စည်းထားသည့် စီမံကိန်းကြီးတစ်ခုဖြစ်သည်။ ယနေ့အထိ ရထားလမ်းမိုင် ၉၇ ဒသမ ၇၅ မိုင် အချောသပ်ပြီးစီး၍ ကျန်မိုင် ၆၀ မှာ သံလမ်းအကြမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီး အချောသပ်လုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်သည်။ တံတား ၄၈၉ စင်းအနက် ၄၈၈ စင်း ဆောင်ရွက်ပြီးစီး၍ ကျန်တံတားတစ်စင်းဖြစ်သည့် ပန်းလောင်တံတားမှာ ဆောင်ရွက်ဆဲဖြစ်ပြီး ယခုလကုန်တွင် ပြီးစီးမည်ဟု သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်အဝေးသင်တက္ကသိုလ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများ ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၇ ခု ပညာသင်နှစ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ လည်းကောင်း၊ အတန်းတင်စာမေးပွဲများကို နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက် အထိလည်းကောင်း၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မော်လမြိုင် တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ထားဝယ် တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ် စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ဖော်ပြပါ အဝေးသင်ဌာနခွဲအသီးသီး၌ မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးအထူးပြုနှင့် စီးပွားရေး ပေါင်းစပ် ဘာသာရပ်များ၊ မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့နှင့်သက်ဆိုင်သောအဝေးသင်ဌာနခွဲများ၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါ ဌာနခွဲ ရှိရာ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များ၌ပင် စာမေးပွဲ ဖြေဆိုကြရမည် ဖြစ်သည်။

အသေးစိတ် အစီအစဉ် ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်၊ ဒီဂရီကောလိပ်ဌာနခွဲများ၌ ကြေညာထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အိန္ဒိယ နိုင်ငံ မွန်ဘိုင်း မြို့တွင် တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ဝိပဿနာ စေတီတော် မြတ် ကြီးအတွက် တာမွေမြို့နယ် ဓမ္မဝိဟာရလမ်း အမှတ် ၄၈ (B-7)နေ ဦးတင်လှိုင် မိသားစုက အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းစဉ်။ (က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာသာသနာပြု ဆရာတော်များ၏ အထူးတရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဘုမ္မာလမ်းမကြီးပေါ်ရှိ ဘုမ္မာအနောက်ပိုင်းလုံးဆိုင်ရာ သာသနာ့လင်းရောင်ခြည် ဓမ္မာရုံတော်ကြီး၌ ဝါတွင်းကာလ ဥပုသ်ရက်များတွင် မွန်းလွဲ ၁ နာရီ၌အထူးတရားပွဲများ ကျင်းပသွားမည်ဖြစ်သည်။ တော်သလင်းလပြည့်ကျော် ၈ ရက် (အောက်တိုဘာ ၁၀ရက်)တွင် ဇေတဝန်ဓမ္မာရုံကျောင်း ဆရာတော် ဒေါက်တာအရှင်သောပါက (M.A,Ph.D) မဂဓတက္ကသိုလ်၊ ဗုဒ္ဓဂယာ အိန္ဒိယ၊ တော်သလင်းလကွယ် (အောက်တိုဘာ ၁၁ရက်)တွင် ပညာမြေကျောင်း ဆရာတော် ဒေါက်တာအရှင်ဉာဏဂ္ဂ(M.A,Ph.D)မဂဓတက္ကသိုလ်၊ ဗုဒ္ဓဂယာ၊ အိန္ဒိယ၊ သီတင်းကျွတ်လဆန်း ၈ ရက် (အောက်တိုဘာ ၁၉ ရက်)တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြု တက္ကသိုလ်(ကထိက) သီတဂူဒေါက်တာအရှင်ဣန္ဒက(M.A, Ph.D) ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်၊ ဗာရာဏသီ အိန္ဒိယနှင့် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၆ ရက်)တွင် သဒ္ဓမ္မသုခဓမ္မ ရိပ်သာကျောင်း ဆရာတော် ဒေါက်တာအရှင်ခေမာသီရိ (လုတော) (M.A,Ph.D) သက္ကတတက္ကသိုလ် ဗာရာဏသီ အိန္ဒိယတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဖုန်း-၅၃၇၅၉၇၊ ဦးသိန်းထူးအေး (မြို့ပြအင်ဂျင်နီယာ)၊ ဖုန်း-၆၉၉၂၆၀ နှင့် ဦးဌေးမင်းအေး(ရွှေနှလုံးသား)ဖုန်း-၆၉၀၃၃၂ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

စက်တင်ဘာ ၂၄ ရက်က အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကိုကိုကျော်နှင့် ဝန်ထမ်းများ မြို့နယ်အတွင်းရှိ ကြို့ကုန်းအနောက်၊ စော်ဘွားကြီးကုန်း၊ အောင်ဆန်း၊ ဈေးကုန်းအရှေ့၊ ပေါက်တောရပ်ကွက်များတွင် နေထိုင်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းထုတ်ပေးလျက်ရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝ၄၆)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ကကြီးမှူး၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Technical Division (Architecture)နှင့် မြန်မာနိုင်ငံဗိသုကာအသင်းတို့ပူးပေါင်းကျင်းပမည့်စာတမ်းဖတ်ပွဲများကို စက်တင်ဘာ ၂၉ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် ဦးဆန်းဦး (Senior Registered Architect, AMA)က Wooden Architecture in Myanmar စာတမ်းကို လည်းကောင်း၊ ဦးခင်မောင်မောင် (CEC, MES)က Safeguarding of the Wooden Architecture in Myanmar စာတမ်းကိုလည်းကောင်း၊ ဦးစောထွေးဇော် (Structure Engineer, CEC, MES)က Comparative Structural Analysis of Traditional & Modern Timber Roofs စာတမ်းကိုလည်းကောင်း၊ဒေါ်ချောကလျာ(Architect, AMA)က Role of Timber in Recent Building Projects စာတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားကြမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် သစ်တောပညာသင်တန်းဖွင့် အမှာစကားပြောကြား ပြင်ဦးလွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် ကန်တော်ကြီးဥယျာဉ်ကြည့်ရှုစစ်ဆေး နိုင်ငံတကာအဆင့်မီ သစ်ခွဥယျာဉ်ကြီး ဒီဇင်ဘာလအမီ အပြီးတည်ဆောက်နေ

ပြည်တွင်းပြည်ပ သစ်ခွပင်များ၊ ဓာတ်ခွဲခန်းနှင့် မျိုးပွားမှု ပြခန်းများပြသသွားမည်

နေပြည်တော် စက်တင်ဘာ ၂၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၂၂ရက် ညနေပိုင်းက ကျောက်ဆည်မြို့ Jewellery Luck သစ်အချောထည်စက်ရုံ(ကျောက်ဆည်)တည်ဆောက်ရေးရှင်းလင်းဆောင်သို့ရောက်ရှိရာ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးကျော်စိန်နှင့် ဒါရိုက်တာဦးအေးထွန်းရွှေတို့က စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စက်လည်ပတ်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးသည် စက်တင်ဘာ ၂၃ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ပြင်ဦးလွင်မြို့ အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (National Landmarks Garden) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ သစ်တောရေးရာဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် ထူးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာဦးသော်နှင့် အုပ်ချုပ်ရေးမှူး ဦးဇော်ထွန်းတို့က ဥယျာဉ်၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဝန်ကြီးနှင့်တာဝန်ရှိသူများသည်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ပြင်ဆင်ထားမှုအခြေအနေနှင့် နိုင်ငံတကာအဆင့်မီ ကလေးကစားကွင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ ကလေးကစားကွင်းကို အမျိုးသားဥယျာဉ်၏နှစ်ပတ်လည်နေ့အမီ ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်းလင်းပြသ

ညနေပိုင်းတွင် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ရောက်ရှိကြပြီး သစ်တောရေးရာ ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် Wood Land ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်နှင့် ဥယျာဉ်အုပ်ချုပ်ရေးမှူးဦးချစ်တို့က အများပြည်သူအနားယူ အပန်းဖြေရန် ပြင်ဆင်ထားမှုနှင့် အပန်းဖြေနေမှုအခြေအနေများကို ရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဥယျာဉ်အတွင်း နိုင်ငံတကာအဆင့်မီ သစ်ခွဥယျာဉ်ကြီး ဒီဇင်ဘာလအမီ တည်ဆောက်ပြီးစီးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါသစ်ခွဥယျာဉ်အတွင်းပြည်တွင်းပြည်ပသစ်ခွပန်းပင်များ၊ ဓာတ်ခွဲခန်းနှင့် မျိုးပွားမှုပြခန်းများကို ပြသသွားမည်ဖြစ်ပြီး အများပြည်သူသို့သစ်ခွမျိုးများဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။ ယင်းသစ်ခွဥယျာဉ်ကိုဒီဇင်ဘာလပထမပတ်အတွင်း အပြီးတည်ဆောက်သွားမည် ဖြစ်သည်။

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ သစ်တောကျောင်း၏ ၂၀၀၇–၂၀၀၈ခုနှစ် အခြေခံသစ်တောပညာ (၁)နှစ်ခွဲ သင်တန်းအပတ်စဉ်(၁၀၃) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ သစ်တောကျောင်း၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

(အပေါ်ပုံ)

ဝန်ကြီးနှင့်တာဝန်ရှိသူများသည် မွန်းလွဲပိုင်းက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)ရှိ ဝင်းမာလာအောင် သစ်အခြေခံအချောထည် စက်ရုံနှင့် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)ရှိ ဒါရမ်းထရိတ်ဒင်း ကုမ္ပဏီလီမိတက် A5 သစ်အချောထည်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ လုံးသွယ်လမ်းနေ ဦးမောင်မောင်ခင်၊ ဒေါ်စောဝင်း၊ ခင်ပွန်း ဦးလှဆောင် မိသားစုတို့က သမီး မစုစုအောင်၊ မြေး မောင်ဇော်မိုးဟန်တို့၏ မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။(က–ပ)

ရန်ကင်း ပြည်သာယာ(ကျိုက္ကဆံ စူပါဝမ်း တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ကမာရွတ် စံရိပ်ငြိမ် ၅လမ်းနေ ဦးမောင်လှိုင်–ဒေါ်ကျင်အေးမိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဆရာတော်အား လှူဒါန်းရာ မယ်တော်ကြီးဒေါ်အမာက လက်ခံယူစဉ်။ (၁၁၅)

ရန်ကုန် အဝေးသင်တက္ကသိုလ် ပထမအသုတ် စာစစ်ဌာနများ ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၇ခု ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများကို အောက်တိုဘာ၅ရက်မှ ၁၂ရက်အထိ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မော်လမြိုင် တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊မအူပင်တက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ် အဝေးသင်ဌာနခွဲ စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ဖြေဆို

ဖော်ပြပါ အဝေးသင်ဌာနခွဲအသီးသီး၌ မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် (သိပ္ပံအထူးပြု) ကျောင်းသား၊ ကျောင်းသူ အားလုံးသည် မိမိတို့နှင့်သက်ဆိုင်သော အဝေးသင်ဌာနခွဲများဖြစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်၊ ဒီဂရီကောလိပ်ဌာနခွဲများ၌ ကြေညာထားမည်ဖြစ်သည်။

(သတင်းစဉ်)

ကျိုက်ထိုမြို့ ဗေယျာမွန်လမ်းဆုံ

မြေခင်းအလှ ဆောင်ရွက်

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇–၂၀၀၈ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဗေယျာမွန်လမ်းဆုံ မြေခင်းအလှ ဆောင်ရွက်နေမှုအား မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ဩဂုတ် ၁၄ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။

(က–ပ)

ကျေးလက်ကျောက်ချောလမ်း ကြီးကြပ်ဆောင်ရွက်

အင်းတော်မြို့နယ် စည်ပင် သာယာရေး အဖွဲ့က ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ် အတွင်း ပြည်ထောင်စု လမ်းမကြီး နှင့် စင့် မောက် ကျေးရွာ ဆက်သွယ်သည့် ပေ ၁၉၀၀x၁၂ပေ အရှည်ရှိ ကျေး လက် လမ်းအား အငယ်တန်း အင်ဂျင်နီယာ(၃) ဦးမင်းမင်းစိုးနှင့်အဖွဲ့က ကျောက်ချောလမ်း ခင်းကျင်းနေမှုကို အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးက ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပင်လောင်း ဆောင်းပြောင်းစံပြကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားအရည်အချင်း ပြည့်မီသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား တိုင်းရင်းသား၊ တိုင်းရင်းသူများ၏ လက်ဝယ်သို့ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ဆောင်းပြောင်း စံပြ ကျေးရွာ ဇေတဝုန္ဒါနံသာသနာကျောင်းတိုက်၌ ကျင်းပရာ ပင်လောင်းမြို့နယ် ဦးစီးအရာရှိ ဦးကျော်ဌေး၊ လုံးပြင်ကျေးရွာအုပ်စု အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်ဗိုလ်ဒင်တို့က တိုင်းရင်းသား၊ တိုင်းရင်းသူများ လက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း

ပြည်တွင်းသတင်း

အတိုအထွာ

မွန်ပြည်နယ် ဒုတိယအင်ဂျင်နီယာမှူးကြီး သံဖြူဇရပ် စည်ပင်မော်တော်ယာဉ်များစစ်ဆေး

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့သည် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိုင်မော်တော်ယာဉ်များ ပြင်ဆင်ထိန်းသိမ်း ဆောင်ရွက်မှု အခြေအနေများကို စက်တင်ဘာ ၉ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာဦးတင်ထွန်းက ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကောလင်းမြို့နယ် စည်ပင်အမှုဆောင်အရာရှိ ခေတ်မီဈေးအဂ်ါရပ်များ ပြည့်စုံရေးဆောင်ရွက်

ကောလင်းမြို့ ခေတ်မီဈေး အဂ်ါရပ်များ ပြည့်စုံကောင်းမွန်ရေးအတွက် ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးနေမျိုးနိုင်နှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၁ရက် နှင့်၂ရက်တို့က ဈေးအတွင်းအပြင် သန့်ရှင်းရေးလုပ်ငန်းများ၊ သားငါးအရောင်းဆိုင်များနှင့် ဈေးဆိုင်များ ကျန်းမာရေးညီညွတ်မှု၊ အလေးချိန်ခွင်တင်းတောင်းများမှန်ကန်မှု၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ဈေးလုံခြုံရေးကိစ္စရပ်များကို ဈေးအကျိုးတော်ဆောင်များ၊ ဈေးဆိုင်ခန်းပိုင်ရှင်များနှင့် တွေ့ဆုံဆွေးနွေးပြီး ဈေးဝင်းခြံစည်းရိုးခတ်နိုင်ရေး ကွင်းဆင်းစစ်ဆေးကြသည်။

(၀၂၆)

အာရပ်စော်ဘွားများပြည်ထောင်စုမှ လေယာဉ်အစင်း၄၀ ဝယ်ယူမည်

အဘူဒှာဘိုင်း စက်တင်ဘာ ၂၆

အာရပ်စော်ဘွားများပြည်ထောင်စုပိုင် လေကြောင်းလိုင်းတစ်လိုင်းဖြစ်သည့် အဲအာရေဗျအနေဖြင့် လာမည့်သီတင်းပတ်အနည်းငယ်အတွင်း လေယာဉ်အသစ် အစင်း ၄၀ ဝယ်ယူမည်ဖြစ်ကြောင်း ဒေသတွင်းသတင်းစာဖြစ်သည့် ဂေါ့ဖ်နယူးသတင်းစာက စက်တင်ဘာ ၂၅ ရက်တွင် ရေးသားဖော်ပြသည်။

အဲအာရေဗျ လေကြောင်းလိုင်းအနေဖြင့် လေယာဉ် ၃၄ စင်းမှ အစင်း ၄၀ အထိဝယ်ယူရန် အစီအစဉ်များရှိကြောင်း၊ လာမည့် သီတင်းပတ်အနည်းငယ်အတွင်း ဆုံးဖြတ်ချက်ချမှတ်နိုင်မှာဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်း အလုပ်အမှုဆောင် အဒီအလီက ပြောကြားသည်။

သို့ရာတွင် မည်သည့်လေယာဉ်ကုမ္ပဏီမှ ဝယ်ယူမည်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

လာမည့် နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အတွင်း ကျင်းပမည့် ဒူဘိုင်း လေကြောင်းပြပွဲရောက်မှသာ လေယာဉ်ဝယ်ယူရေးအတွက် အမှာစာများ ပေးပို့မည်ဖြစ်ကြောင်းလည်း တာဝန်ရှိသူများက ပြောကြားသည်။

စီစဉ်ဆောင်ရွက်

အဲအာရေဘာအနေဖြင့် လေယာဉ်သစ်များဝယ်ယူပြီး ခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

တိုးချဲ့ပြေးဆွဲ

ဆိုက်ပရက်၊ ဂရိ၊ အိန္ဒိယ၊ တူရကီ၊ အာရှအလယ်ပိုင်းနှင့် ပင်လယ်ကွေ့နိုင်ငံများသို့ လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲရန် စီစဉ်ထားသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် စတင်တည်ထောင်ခဲ့သည့် အဲအာရေဘာ လေကြောင်းလိုင်းမှာ အာဖရိကနှင့် အရှေ့အလယ်ပိုင်း ဒေသများတွင် ဈေးနှုန်းသက်သာသော လေကြောင်းလိုင်းတစ်လိုင်း ဖြစ်ကြောင်း ဂေါ့ဖ်နယူးသတင်းစာက ရေးသားဖော်ပြသည်။

(အင်တာနက်)

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသော ဖက်ရှင်ပြပွဲတွင် ဒီဇိုင်နာ တန်ဒူရှူ တီထွင် ဖန်တီးထားသည့် ဝတ်စုံကို ဝတ်ဆင်ပြသနေသည့် အလှမယ်တစ်ဦးအား စက်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်တွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် လူ ၆၀ သေဆုံး

ဟနွိုင်း စက်တင်ဘာ ၂၆

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၆၈၀၀၀ ရှိခဲ့ရာ ၆၀ မှာ သေဆုံးခဲ့ကြောင်း ဗီယက်နမ်သတင်းဌာနက စက်တင်ဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

နေအိမ်များအတွင်း ရေကိုကြာရှည်စွာသိုလှောင်မှုကြောင့် ခြင်ပေါက်ပွားမှုကို ပိုမိုဖြစ်ပွားစေခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဒေါင်သမ်၊ တီယန်ကျန်၊ အင်ဂျန်နှင့် ဘင်ထရီပြည်နယ်များတွင် သွေးလွန်တုပ်ကွေး ရောဂါပိုမိုအဖြစ်များကြောင်း ကျန်းမာရေးဝန်ကြီးဌာန ရောဂါပိုးမွှားကာကွယ်ရေးဌာန အကြီးအကဲ ငုယင်ဟွိုင်နာ၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။

ညွှန်ကြားထား

နေအိမ်အတွင်းနှင့် ပတ်ဝန်းကျင်ကို မကြာခဏသန့်ရှင်းရေးပြုလုပ်ရန်၊ အထူးသဖြင့် ရေအိုးများအား အဖုံးအုပ်ထားရန်၊ ခြင်များနှင့် ပိုးလောက်များအား ရှင်းလင်းရေးပြုလုပ်ရန် ကျန်းမာရေးဌာနက ဒေသခံများအား ညွှန်ကြားထားကြောင်း အဆိုပါသတင်းတွင် ပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကန်တပ်ဖွဲ့ဝင်တစ်ဦး ဘဂ္ဂဒက်၌ သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် စက်တင်ဘာ ၁၈ ရက်က တိုက်ပွဲဖြစ်ပွားစဉ် လက်နက်ငယ်များ ထိမှန်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က စက်တင်ဘာ ၁၉ ရက်၌ ထုတ်ပြန်သော သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြောကြား

အီရတ်နိုင်ငံ၏ အဓိကလမ်းကြောင်းများတွင် လမ်းဘေးဗုံးခွဲမှု၊ ခြိမ်းခြောက်မှုများကို လျှော့ချနိုင်ရန်အတွက် ဘဂ္ဂဒက်တောင်ပိုင်းတွင် အယ်လ်ခိုင်ဒါလက်နက်ကိုင်များအား ကန်တပ်ဖွဲ့ဝင်များက တိုက်ခိုက်စဉ် အဆိုပါ တပ်ဖွဲ့ဝင်မှာ သေဆုံးခဲ့ရခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

စာတိုက်နှင့်ဆက်သွယ်ရေး ကဏ္ဍမှရရှိသောဝင်ငွေ တရုတ်၌ ယခုပထမရှစ်လအတွင်း မြင့်တက်

ပေကျင်း စက်တင်ဘာ ၂၆

တရုတ်နိုင်ငံအနေဖြင့် စာတိုက်နှင့် ဆက်သွယ်ရေးကဏ္ဍမှာ ပြန်လည်မြင့်တက်လာလျက်ရှိကြောင်း၊ ယခုနှစ် ပထမရှစ်လအတွင်းဝင်ငွေတရုတ်နိုင်ငံသုံးယွမ် ၅၂၃ ဒသမ ၄၇ ဘီလီယံ ရရှိခဲ့ရာ ယမန်နှစ်အလားတူ ကာလကထက် ၁၁ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၅ ရက်၌ သတင်းထုတ်ပြန်သည်။

မြင့်တက်

နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများမှ စုစုပေါင်းယွမ်ငွေ ၄၇၅ ဒသမ ၂၉ ဘီလီယံရရှိခဲ့ပြီး ၁၀ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ စာတိုက်လုပ်ငန်းမှ ယွမ်ငွေ ၄၈ ဒသမ ၈ သန်းရရှိခဲ့ပြီး ၁၄ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အဆိုပါသတင်းတွင် ပါရှိသည်။

ရောက်ရှိလာ

ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်အတွင်း မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ၅၄ ဒသမ ၅၉ သန်းရှိရာမှ ယခုနှစ် ပထမရှစ်လအတွင်းတွင် ၅၁၅ ဒသမ ၆၇ သန်းအထိ တိုးတက်များပြားလာခဲ့သည်။အင်တာနက်ကဖေးများမှာလည်း ၆၁ ဒသမ ၉၂ သန်းသို့ ရောက်ရှိလာပြီ ဖြစ်သည်။ **(အင်တာနက်)**

အဝတ်လျှော်စက်

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ စတိုးဆိုင်ကြီးအတွင်း ရောင်းချလျက်ရှိသည့် အဝတ်လျှော်စက်များကို စက်တင်ဘာ ၂၅ ရက်က တွေ့ရစဉ်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ဂျီးရီးယား အိုင်တီကဏ္ဍဖွံ့ဖြိုးရေး ကန်ဒေါ်လာ ငါးဘီလီယံလိုအပ်မည်

လေဂို့စ် စက်တင်ဘာ ၂၆

တစ်ကမ္ဘာလုံးတွင် သတင်း ဆက်သွယ်ရေး နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိရာ နိုင်ငံတကာနှင့်ရင်ပေါင်တန်း တိုးတက်စေရန်အတွက် နိုင်ဂျီးရီးယားနိုင်ငံက အိုင်တီကဏ္ဍတွင် အမေရိကန် ဒေါ်လာ ၅ဒသမ၈ ဘီလီယံကို ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း နိုင်ဂျီးရီးယား သတင်းဆက်သွယ်မှု ဖွံ့ဖြိုးရေးဌာနမှ စက်တင်ဘာ ၂၂ ရက်၌ သတင်းထုတ်ပြန်သည်။

တည်ဆောက်

နိုင်ဂျီးရီးယားနိုင်ငံတွင် အိုင်တီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးနှင့်ပစ္စည်းကိရိယာများဝယ်ယူရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့၌ စက်တင်ဘာ၂၁ ရက်က ကျင်းပသော အိုင်တီနည်းပညာဆိုင်ရာ အစည်းအဝေးတွင် နိုင်ဂျီးရီးယားနိုင်ငံ သတင်းဆက်သွယ်မှုဖွံ့ဖြိုးရေးဌာန အကြီးအကဲ အင်ယာဂီက ပြောကြားသည်။

ဆောင်ရွက်

နိုင်ဂျီးရီးယားနိုင်ငံ၌ ၂၀၀၂ ခုနှစ်မှစတင်ကာ အိုင်တီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးများကိုဆောင်ရွက်လျက်ရှိသည်။ ယခုအခါအင်တာနက်သုံးစွဲသူ သုံးသန်းကျော်ခန့်ရှိနေပြီး အင်တာနက် ကဖေး ၂၅၀၀ခန့်ရှိနေပြီဖြစ်သည်။

အသုံးပြု

နိုင်ဂျီးရီးယားနိုင်ငံသားများ ကွန်ပျူတာ အသုံးပြုမှု များပြားလာစေရန်လည်း ကြိုးစားသွားမည် ဖြစ်ကြောင်း အင်ယာဂီက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေလွှမ်းနေသည်ကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်၌ အီတလီတပ်ဖွဲ့ဝင်နှစ်ဦး လွတ်မြောက်လာ

ရောမ စက်တင်ဘာ ၂၆

အာဖဂန်နစ္စတန်တွင် ပြီးခဲ့သည့်သီတင်းပတ်က တာလီဘန် လက်နက်ကိုင်များ၏ ဖမ်းဆီးမှုကိုခံခဲ့ရသော အီတလီတပ်ဖွဲ့ဝင်နှစ်ဦးမှာ စက်တင်ဘာ၂၄ရက်က ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း အီတလီကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။

ပြန်လည်လွတ်မြောက်

ထိုသို့ အီတလီတပ်ဖွဲ့ဝင်နှစ်ဦး ပြန်လည်လွတ်မြောက်လာခြင်းမှာ အာဖဂန်နစ္စတန်ရှိ နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များ၏ စီးနင်းတိုက်ခိုက်မှုတစ်ရပ်ကြောင့် ပြန်လည်လွတ်မြောက်လာခြင်း ဖြစ်သည်။

အဆိုပါ အီတလီတပ်ဖွဲ့ဝင်နှစ်ဦးမှာ ပြီးခဲ့သည့် သီတင်းပတ်က ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး ယခုကဲ့သို့ စီးနင်းတိုက်ခိုက်မှုကြောင့် ပြန်လည် လွတ်မြောက်လာသော်လည်း ဒဏ်ရာအနည်းငယ်စီ ရရှိခဲ့ကြသည်။

ဖမ်းဆီးခံခဲ့ရ

အာဖဂန်နစ္စတန်တွင် အီတလီတပ်ဖွဲ့ဝင် ၂၂၀ဝရှိနေပြီး အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်းဒေသများ၌ တာဝန်ယူဖြန့်ချထားသည်။ အဆိုပါ အီတလီတပ်ဖွဲ့ဝင်နှစ်ဦးမှာ ကင်းလှည့်နေစဉ် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ လေတပ်အခြေစိုက်စခန်းရှိ လေကြောင်းပြပွဲကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၌ ၂၀၀၆ခုနှစ်အတွင်း အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွား

ဝါရှင်တန် စက်တင်ဘာ ၂၆

အမေရိကန်နိုင်ငံ တစ်ဝန်း၌ ၂၀၀၆ ခုနှစ်တွင် အကြမ်းဖက် ရာဇဝတ်မှုများ ဖြစ်ပေါ်မှု များပြားလာသည်။ ယင်းတွင် လူသတ်မှုများ ၁၇၀၀၀ကျော် ပါဝင်ကြောင်း အက်ဖ်ဘီအိုင်က စက်တင်ဘာ ၂၄ရက်၌ သတင်းထုတ်ပြန်သည်။

ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးကျွမ်းကျင်သူများက ထိုကဲ့သို့ ရာဇဝတ်မှု များပြားလာခြင်းသည် ဂိုဏ်းဂဏများ၊ လူငယ်အကြမ်းဖက်မှုများ၊ လက်နက်ကိုင်အကြမ်းဖက်မှုများ များပြားလာခြင်းကြောင့် ဟုဆိုသည်။

တိုးပွား

နိုင်ငံတစ်ဝန်းတွင် ၂၀၀၆ခုနှစ်အတွင်း အကြမ်းဖက် ရာဇဝတ်မှုပေါင်း ၁၃သန်း၄သန်း ဖြစ်ပွားခဲ့သည်ဟု ခန့်မှန်းခဲ့ကြောင်း၊ လွန်ခဲ့သော နှစ်က ထက်နှစ်ရာခိုင်နှုန်းနီးပါးတိုးပွားဖြစ်ပေါ်လာကြောင်း အက်ဖ်ဘီအိုင် သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သောနှစ်က ဖြစ်ပွားခဲ့သော လူသတ်မှုများ၏ ၉၀ရာခိုင်နှုန်းခန့်မှာ မြို့တော်နယ်နိမိတ်ဒေသများတွင် ဖြစ်ပွားခဲ့ပြီး ၇၀ရာခိုင်နှုန်းခန့်သည် လက်နက်ကိုင်တွယ် အသုံးပြုခဲ့ကြောင်း အက်ဖ်ဘီအိုင်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်တောင်ပိုင်း၌ ကာလဝမ်းရောဂါ ဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၂၆

အီရတ်နိုင်ငံတောင်ပိုင်းတွင် ကာလဝမ်းရောဂါများ ဖြစ်ပွားလျက်ရှိကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၃ရက်၌ ပြောကြားသည်။ နိုင်ငံအတွင်း ရေလွှမ်းမှုများ ဖြစ်ပေါ်ရာမှ ကာလဝမ်းရောဂါ ဖြစ်ပွားသူများပြားလာကြောင်း တွေ့ရသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က အီရတ်နိုင်ငံမြောက်ပိုင်း ကန္တာရဒေသရှိ အီရတ်ပြည်သူ ၁၅၀၀တွင် ကာလဝမ်းရောဂါများ ဖြစ်ပွားလျက်ရှိသည်။ ယခုအချိန်တွင်တောင်ပိုင်းရှိ ဘာဆရာမြို့အနီး၌ ရောဂါများ ဖြစ်ပွားလျက်ရှိရာ ယင်းရောဂါသည် မသန့်ရှင်းသော အစားအစာနှင့် ရေတို့မှ ကူးစက်ပြန့်ပွားလျက်ရှိကြောင်း၊ အဆိုပါဝမ်းရောဂါသည် ဘဂ္ဂဒက်၌ ၂၅နှစ်အရွယ် အမျိုးသမီးက စတင်ဖြစ်ပွားခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ၌ မူးယစ်မှောင်ခိုလူ ၂၀ ဖမ်းမိ

ပေကျင်း စက်တင်ဘာ ၂၆

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ရဲတပ်ဖွဲ့က အဖျော်ယမကာ ရောင်းချသည့် ဆိုင်တစ်ဆိုင်ကို ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ မူးယစ်ဆေးရောင်းသည်ဟု မသင်္ကာသူ အာဖရိကတိုက်သား ၂၀ကိုလည်း ထိန်းသိမ်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

သံရုံးများတည်ရှိရာ ဆန်လီတန် အရပ်တွင် စက်တင်ဘာ ၂၁ရက် သန်းခေါင်အချိန်၌ အဆိုပါဝင်ရောက်စီးနင်းမှု ပြုလုပ်ခဲ့ကြောင်း၊ လာမည့်အောက်တိုဘာ လလယ်တွင် ကျင်းပမည့် ကွန်မြူနစ်ပါတီ အစည်းအဝေးနှင့် လာမည့်နှစ် အိုလံပစ်အားကစား ပွဲတော်ရှေ့ပြေးအနေဖြင့် လုံခြုံရေးတင်းကြပ်မှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးခဲ့

ရဲတပ်ဖွဲ့သည် လမ်းနှစ်ဖက်စလုံးကို ပိတ်ဆို့ပြီးမှ ဝင်ရောက်ရှာဖွေမှုပြုခဲ့ကြောင်း၊ အာဖရိကတိုက်သားအချို့မှာ ငြိမ်းချမ်းစွာ အဖမ်းခံခဲ့သော်လည်း အချို့မှာ ထွက်ပြေးရန်ကြိုးစားသဖြင့် အင်အားသုံးဖမ်းဆီးခဲ့ရကြောင်း မျက်မြင်သက်သေတစ်ဦးက ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နှင့် ပြင်သစ်နိုင်ငံတို့ နယ်ပယ်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ကြမည်

နယူးယောက် စက်တင်ဘာ ၂၆

တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ကျင်ချောင်နှင့် ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီး ဘာနရက်ကူချာတို့သည် စက်တင်ဘာ ၂၃ရက်က တွေ့ဆုံသည့် (၆၂)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးမှုတွင် နှစ်နိုင်ငံအနေဖြင့် နယ်ပယ်ကဏ္ဍစုံ၌ အကျိုးတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ယန်က ပြောကြားသည်။

သဘောတူညီ

စီးပွားရေးနှင့်ကုန်သွယ်မှု၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရန် ယဉ်ကျေးမှုနှင့် အခြားသောကဏ္ဍများကို အဆင့်မြင့်ဆောင်ရွက်နိုင်ရေးကို အပြန်အလှန် အကျိုးတူလုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ၏ အကျိုးရလဒ်များအပြင် ကမ္ဘာ့ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိန်းချုပ်ခြင်းနှင့်စွမ်းအင်ကဏ္ဍများကိုပါ ဆောင်ရွက်ကြမည်ဖြစ်သည်။

ဘာနရက်ကလည်း တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ်အတွင်း ရှေ့လုပ်ငန်းစဉ်များကို နှစ်နိုင်ငံကြီးစား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲပြီးနောက် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မြောက်ပိုင်း ၁၆၈မိုင်အကွာရှိ ရွှေတူးဖော်ရေးလုပ်ငန်းခွင်ကို စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား၌ အီဆူဇူးမော်တော်ကားများ ပြန်လည်သိမ်းဆည်းနေ

ဂျကာတာ စက်တင်ဘာ ၂၆

အင်ဒိုနီးရှားနိုင်ငံတွင် ရောင်းချထားသော အီဆူဇူးမော်တော်ကားအစီး ၃၀၀၀အား ဘရိတ်စနစ် ချွတ်ယွင်းမှုများ ဖြစ်ပွားနိုင်မှုကြောင့် ပြန်လည်သိမ်းဆည်းလျက်ရှိကြောင်း ဂျပန်မော်တော်ကားလုပ်ငန်းတစ်ခုဖြစ်သည့် အီဆူဇူးကုမ္ပဏီက စက်တင်ဘာ ၂၄ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ အီဆူဇူးမော်တော်ယာဉ်များမှာ မီနီဘတ်စ်ကားအမျိုးအစားများဖြစ်ပြီး ပြီးခဲ့သည့် ၂၀၀၆ ခုနှစ် အောက်တိုဘာလက ရောင်းချခဲ့သော မော်တော်ကားများဖြစ်သည်။ ယခုအခါ ၎င်းမော်တော်ကားများကို ဈေးကွက်မှပြန်လည်ရုပ်သိမ်းနေခြင်းဖြစ်သည်ဟု ဘစ်နစ်အင်ဒိုနီးရှားသတင်းစာက ဖော်ပြသည်။

အီဆူဇူးမီနီဘတ်စ် မော်တော်ကားများ ရောင်းချထားမှု၏ ၃၀ရာခိုင်နှုန်းအား ပြန်လည်သိမ်းဆည်းလျက်ရှိကြောင်း၊ ဘရိတ်စနစ်ချွတ်ယွင်းမှုကြောင့်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ပီတီပန့်ဂျာမော်တော်ယာဉ် လုပ်ငန်းကလည်းပြောကြားခဲ့သည်။

အဆိုပါ အီဆူဇူးမော်တော်ကား အမျိုးအစားများကို ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင်လည်း ရောင်းချမှုများ ပြုလုပ်ထားကြောင်း သိရသည်။

အမ်အင်န်အေ၊အင်ဟွာ

ယနေ့ မြန်မာ့နိုင်ငံရေးမြင်ကွင်းမှ အမှန်နှင့်အမှားများ (၁)

ကျော်မင်းလူ(ရှ

ဒီတစ်ခါတော့ အစိုးရရဲ့ နိုင်ငံနဲ့ပြည်သူအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေအပေါ် တစ်ဖက်က အဆိုးမြင် အကြမ်းဖက်အုပ်စုတွေက ပြည်တွင်းပြည်ပ ဟန်ချက်ညီပူးပေါင်းပြီး ဘယ်လိုကြံစည် ထိုးနှက်နှောင့်ယှက်နေကြတယ်ဆိုတာ ပြည်သူအားလုံးသိအောင် ကျွန်တော်နားလည်သမျှ ဖောက်သည်ချချင်ပါတယ်။ ဟာ–ဒါဆို ခင်ဗျားအစိုးရဘက်က ဘက်လိုက်ပြီးရေးမှာ မဟုတ်လားလို့ မထင်လိုက်ကြပါနဲ့။ မဟုတ်ပါဘူး။ ကျွန်တော် **“နှစ်ဘက်မျှမှ အဖြေလှမည်”** တုန်းကလိုပဲ မျှမျှတတတွေးခေါ်ပြီး မျှမျှတတပဲ သုံးသပ်ပြမှာပါ။ မှန်နေတာကို အမှန်လို့မြင်ပြီး မှားနေတာကို အမှားလို့သိလာအောင် ပြောချင်တာပါ။

ဆန့်ကျင်ပြီး သူတို့အာဏာရဖို့လုပ်ရာမှာ ဘယ်သူ့ကို ခုတုံးလုပ် အသုံးချနေသလဲ။ ကဲ–ခင်ဗျားတို့ပြောပါ။ ခင်ဗျားတို့၊ ကျွန်တော်တို့ ပြည်သူကို အသုံးချနေတာဗျ။ ခင်ဗျားတို့၊ ကျွန်တော်တို့ အသုံးချခံနေရတာ။ ကျွန်တော်တို့ရဲ့ သားသမီး ကျောင်းသားထုကို သုံးတယ်။ ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် အလုပ်သမားထုကို သုံးတယ်။ ကျွန်တော်တို့ ကိုးကွယ်ကြည်ညို ဆည်းကပ်ရတဲ့ သံဃာထုကို သုံးတယ်။

တကယ်တော့ သူတို့အာဏာရူးတာနဲ့ ကျွန်တော်တို့ကို မလိမ့်တပတ်လုပ်၊ အစိုးရနဲ့ရန်တိုက်ပေးပြီး ရှေ့က ထွက်ခိုင်းနေတာ။ သူတို့ကတော့ နောက်ကနေပြီး ဗိန်းဖောင်းတီးပေးနေတာ၊ ဒါမဟုတ်ဘူးလား။

> **ပြည်သူတိုင်းဟာ ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်တာကို အမှန်တကယ် မြင်ချင်တွေ့ချင်တယ်။ အဲဒီလိုပဲ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ မိမိတို့မိသားစုနဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ စားဝတ်နေရေး ဖူလုံပြည့်စုံပြီး ပညာရေး၊ ကျန်းမာရေး အဆင်ပြေပြေ ချောချောမွေ့မွေ့နဲ့ လူနေမှုဘဝ မြင့်မြင့်မားမား နေလိုကြတယ်၊ ဒါမဟုတ်ဘူးလား။**

ခင်ဗျားတို့နဲ့ ဆွေးနွေးတိုင်ပင်တဲ့ သဘောမျိုးပါ။ တကယ်လည်း ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူအားလုံးက ကိုယ့်နိုင်ငံရဲ့ ဒီနေ့နိုင်ငံရေးမြင်ကွင်းတစ်ရပ်လုံးကို ခြုံငုံပြီး သိသင့်ကြတယ်မဟုတ်လား။

ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်သမိုင်းကို ပြန်ကောက်ရင် ဖြောင့်ဖြောင့်ဖြူးဖြူး ချောချောမွေ့မွေ့ ရှိခဲ့တဲ့ကာလက အတော့်ကို နည်းခဲ့ပါတယ်။ ကျွန်တော့်စိတ်အထင် မရှိသလောက်ပါပဲ။ ပဒေသရာဇ်ခေတ် မင်းဆက်တွေအကြောင်းက ဝေးလွန်းလို့ ခဏဖယ်ထား။ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်နောက်ပိုင်း မကြာလှသေးတဲ့ အဆစ်အပိုင်းကိုပဲ ပြန်ကြည့်ပါဦး။ အစိုးရအဆက်ဆက်ဟာ အဆိုးမြင် ဆန့်ကျင်ဘက် အင်အားစုတွေရဲ့ ထိုးနှက်နှောင့်ယှက် တိုက်ခိုက်မှုတွေကြောင့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အကျိုးစီးပွားကို ဘာမှ ဖြောင့်ဖြောင့်တန်းတန်း အောင်အောင်မြင်မြင် ထိထိရောက်ရောက် မလုပ်နိုင်ခဲ့ကြပါဘူး။ ဘယ်လောက်ပဲ တိုင်းပြည်ကိုကောင်းအောင် မြှင့်တင်ချင်တဲ့ အစိုးရမျိုးဖြစ်ဖြစ် အကောင်းပြော၊ အကောင်းမြင် မခံခဲ့ကြရပါဘူး။ အနှောင့်အယှက်တွေမျိုးစုံ တင်းကျမ်းပြည့်နေတော့ ဘယ်အစိုးရမျိုးမှလည်း စိတ်ရင်းစေတနာရပ်တည်ချက် ဘယ်လောက်ပဲကောင်းကောင်း လုပ်ခွင့်၊ ကိုင်ခွင့်၊ကြိုးပမ်းခွင့် မသာခဲ့ပါဘူး။ ဒါတော့ အမှန်ပါ။ ရှေ့ကို တိုးမယ့်ခြေလှမ်းကို နောက်က အတင်းဆွဲထားတဲ့ အဆိုးမြင် ဆန့်ကျင်ဘက်ဆိုတဲ့ အုပ်စုတွေ အစဉ်အဆက်ရှိနေခဲ့တာကိုက ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူအားလုံးအတွက် သိပ်ကို ဝမ်းနည်းဖို့ကောင်းတဲ့ကိစ္စပါ။ တိုင်းပြည်အတွက် အနုတ်လက္ခဏာတစ်ရပ်ပါ။ ဒါကို ခင်ဗျားတို့အားလုံးလည်း နားလည်နိုင်မယ်ထင်ပါတယ်။

ဒါဖြင့် အဲဒီအုပ်စုတွေက တိုင်းပြည်အကျိုးယုတ်အောင်၊ ပြည်သူဆင်းရဲဒုက္ခရောက်အောင် ဘာဖြစ်လို့ တည်ဆဲအစိုးရတွေကို ဆန့်ကျင်နေကြရတာလဲ။ ရှင်းရှင်းပြောရရင် အာဏာပေါ့ဗျာ။ အာဏာကိုလိုချင်လို့။ ဒီတော့ သူတို့အာဏာရအောင် တည်ဆဲအစိုးရကို တကယ့်ရန်သူကြီးလို သဘောထားပြီး ဆန့်ကျင်မယ်၊အပုပ်ချမယ်၊ နှောင့်ယှက်မယ်၊ ထိုးနှက်မယ်၊ နောက်ဆုံးဖြုတ်ချမယ်။ ဒီတော့ သူတို့ရဲ့အန္တိမရည်မှန်းချက်က အာဏာ သူတို့လက်ထဲရောက်ဖို့။ ကျွန်တော်ပြောတာ မဟုတ်ဘူးလား။ ဒီတော့ ဆန့်ကျင်ဘက်အုပ်စုတွေက တည်ဆဲအစိုးရကို

ဒါဖြင့် ကျွန်တော်တို့ပြည်သူတွေ (ကျောင်းသားထု၊ အလုပ်သမားထု၊ သံဃာထု)ကရော သူတို့ဒီလိုလုပ်နေတာ မသိတော့ဘူးလား၊ အမှန်ပြောရရင် မသိကြဘူးဗျ။ သူတို့က မျက်လှည့်ဆရာတွေလေ၊ လူထုကိုမျက်လှည့်ပြပြီး သွေးထိုးလှုံ့ဆော်အသုံးချဖို့ ပြည်ပဆရာကြီးတွေ၊ ပြည်တွင်းဆရာကြီးတွေနဲ့ စနစ်တကျကို သင်ကြားလေ့ကျင့်ထားတာဗျ။ ဒီတော့ လူထုမှာ သူတို့လှည့်သမျှ မျက်စိလည်သွားပြီး သူတို့ခိုင်းသမျှကို ဆင်ကန်းတောတိုး၊ မြွေမကြောက်၊ ကင်းမကြောက် လုပ်မိကြ

တာပေါ့ဗျာ။ ဒီလို သူတို့ အလှည့်မခံရအောင် အစိုးရက အဖြစ်မှန်တွေကို ပြည်သူသိအောင် နေ့စဉ် သတင်းစာ၊ တီဗွီ၊ ရေဒီယိုတွေကနေ ရှင်းလင်းချပြနေတာ ခင်ဗျားတို့လည်း သတိပြုမိမှာပါ။ဒီတော့ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့၊ ခင်ဗျားတို့ မသိလို့ခံနေရတာတွေ သိလာအောင်၊ နားလည်လာအောင် ကျွန်တော်ပြောပြချင်တယ်။ သူတို့ ဘာအကြံအစည်နဲ့ ဘယ်လိုပူးပေါင်းပြီး ဘာတွေလုပ်နေကြတယ် ဆိုတာကိုရော၊ အစိုးရက ဘယ်လိုရည်မှန်းပြီး ဘယ်သူတွေအတွက် ဘာတွေလုပ်နေတယ်ဆိုတာရော ခြုံငုံပြီး ဆွေးနွေးပြချင်တယ်။ ဘယ်သူမှန်ပြီး ဘယ်သူမှားတယ်ဆိုတာ ခင်ဗျားတို့ပဲ ဆုံးဖြတ်ပါ။ အဓိကကတော့ သူများလှည့်တာပတ်တာ မျက်စိလည်ပြီး သူများအသုံးချမခံရစေချင်တဲ့ စေတနာအရင်းခံပါ။

အစိုးရတို့၊ ဆန့်ကျင်ဘက်တို့ မပြောခင် ကိုယ့်အကြောင်းကိုယ် အရင်ပြောပါဦးမယ်။ ဒီနေ့ ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူအားလုံးရဲ့ ဆန္ဒအစစ်အမှန်က ဘာလဲ။ ဒီလိုမေးတော့ ဟာ–အများကြီးပေါ့။ တိုက်ဆောက်ချင်တယ်၊ ကားစီးချင်တယ်။ ဒါကိုပြောတာ မဟုတ်ဘူး။ အားလုံးကို ခြုံငုံပြီးတော့ ပြည်သူအားလုံးရဲ့ကိုယ်စီရင်ထဲမှာ အစဉ်အမြဲရှိနေတဲ့ ယထာဘူတကျတဲ့ အဓိကဆန္ဒ။ ကျွန်တော်ပြောမယ်နော်။ ကျွန်တော့်ရဲ့အမြင်ပြောရရင် ဒီနေ့ ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုနိုင်တဲ့ အဓိက လိုလားချက် ဆန္ဒကြီး(၃)ရပ်ရှိတယ်လို့ ကျွန်တော်မြင်တယ်။ ခင်ဗျားတို့လည်း ဒီလိုပဲမြင်မိမှာပါ။

နံပါတ်(၁)ဆန္ဒ၊ ပြည်သူတိုင်းဟာ ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်တာကို အမှန်တကယ်မြင်ချင် တွေ့ချင်တယ်။ အဲဒီလိုပဲ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ မိမိတို့မိသားစုနဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ စားဝတ်နေရေး ဖူလုံပြည့်စုံပြီး ပညာရေး၊ ကျန်းမာရေး အဆင်ပြေပြေ ချောချောမွေ့မွေ့နဲ့ လူနေမှုဘဝ မြင့်မြင့်မားမား နေလိုကြတယ်၊ ဒါမဟုတ်ဘူးလား။

နံပါတ်(၂)ဆန္ဒ၊ ဒီနေ့ပြည်သူလူထုဟာ ဆန္ဒပြမှုတွေ၊ အကြမ်းဖက်မှုတွေနဲ့ ဆူဆူပူပူ ရုတ်ရုတ်သဲသဲကြားမှာ ကြီးလန့်စာစား မနေချင်တော့ဘူး။ ကိုယ်စီဘဝလေးတွေနဲ့ ဣန္ဒြေရရ အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်ပဲ နေချင်ကြတော့တယ်။ ပြောရရင် ခေတ်အဆက်ဆက် တိုက်ကြခိုက်ကြ၊ ဆူကြပူကြ၊ သတ်ကြဖြတ်ကြနဲ့ တည်ငြိမ်မှု၊ အေးချမ်းမှု မရှိခဲ့တဲ့ကာလတွေကို စိတ်ကုန်စိတ်ပျက်နေကြပြီ။ ပွင့်ပွင့်လင်းလင်းပြောရရင် ကြောက်ကိုကြောက်နေပြီ။ ဒီလိုပဲ ၈၈ အရေးအခင်းဆိုတာမျိုးကိုလည်း လေသံတောင် မကြားချင်တော့ဘူး။ ဒီတော့ ပြည်သူက ကိုယ်စီဘဝလေးတွေ လုံခြုံစိတ်ချရတဲ့ အေးချမ်းတည်ငြိမ်မှုမျိုးကိုပဲ လိုချင်တော့တယ်။ ဒါအမှန်ပါ။ ခင်ဗျားတို့လည်း ဒါကို လက်မခံနိုင်စရာ မရှိဘူး မဟုတ်လား။

ကဲ–ဆက်ဦးမယ်။ နံပါတ်(၃)နဲ့ နောက်ဆုံးဆန္ဒ။ ဒီနေ့ပြည်သူဟာ ဥပဒေနဲ့အညီ လွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင် ပြုမူဆောင်ရွက်ခွင့် ရလိုကြတယ်။ ဥပဒေရဲ့ အရိပ်အာဝါသအော... အလုပ်အကိုင် အခွင့်အလမ်းတွေကို စိတ်ကြို... ချမ်းချမ်းနဲ့ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလေ... ဆောင်ရွက်ရင်း ဘဝတိုးတက်ခွင့်ကိုပဲ လိုလား... ပွင့်လင်းလာတဲ့ ဈေးကွက်စီးပွားရေးနဲ့အညီ... တိုးတက်ရာတိုးတက်ကြောင်း လုပ်ကြရမှာပဲ။ အ... ဝေဆာပွင့်လန်းနေတဲ့အခြေအနေမျိုးမှာ ဘယ်... လိုဘူး။ အေးအေးချမ်းချမ်း လွတ်လွတ်လပ်လ... အမြင့်ဆုံးအောင်မြင်မှုကို ရယူဖို့ပဲ လူတိုင်းရဲ့... မှာပါဗျာ။

ဒီတော့ ကျွန်တော်သုံးသပ်မိသလောက်... ပြည်သူတိုင်းရဲ့ ကိုယ်စီရင်ထဲမှာရှိနေတဲ့ ပြည်... ဖြစ်ပါတယ်ဗျာ။ အဲဒီအဓိက ပြည်သူ့လိုအင်... တို့ တိုက်ဆောက်ချင်တာရော၊ ကားစီးချင်... မဟုတ်လား။ ကျန်တဲ့ဆန္ဒလေးတွေ အားလုံး... ပါပြီးသား ဖြစ်ပါလိမ့်မယ်။

ကဲ–ပြည်သူကတော့ ဒီလို ဒီလိုဆန္ဒတွေ... အစိုးရက ဘာတွေလုပ်နေသလဲ။ ကျွန်တေ... အစိုးရဟာ ကျွန်တော်အထက်မှာပြောခဲ့တဲ့ ပြ... အောင် ဖြည့်ဆည်းပေးနိုင်ဖို့ အချိန်နဲ့အမျှ ... ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေး...

လက်ရှိအစိုးရက အမျိုးသားရေးလမ်းညွှ... တဲ့ ဒို့တာဝန်အရေးသုံးပါးဆိုတာ ခင်ဗျားတို့... ဒို့တာဝန်အရေးသုံးပါးဆိုတာ ပါတီတစ်ရပ်၊ ... တစ်ဦးတစ်ယောက်အတွက် မူတည်ချမှတ်... ဘယ်ပါတီပဲ ဖြစ်ဖြစ်၊ ဘာလူမျိုးပဲဖြစ်ဖြစ်၊ ဘ... ဘယ်သူ့အတွက်မဆို အားလုံးအတွက် အမြဲတ... မှန်ကန်နေမယ့် အရေးတွေပဲဖြစ်နေတယ်။ ပြ... တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲအော... တည်တံ့ခိုင်မြဲအောင် ခင်ဗျားရော၊ ကျွန်တော်... အစဉ်တစိုက် ကြိုးပမ်းနေကြရမှာပဲ။ ဒီအရေး... ခင်ဗျားတို့ ပြည်သူအားလုံးအတွက် အမြဲမှန်က... နိုင်ပါဘူးဆိုတဲ့ ပါတီဖြစ်စေ၊ လူမျိုး ဖြစ်စေ၊ ... အဲဒီပါတီ၊ လူမျိုး၊ ပုဂ္ဂိုလ်တွေဟာ အမျိုးသားအ... တွေသာဖြစ်မှာပဲ။ ဒီတော့ ဒို့တာဝန်အရေးသုံး... တိုင်းရင်းသားအားလုံးအတွက် အမြဲမှန်ကန်၊ အ... ဒါကြောင့် ပြည်ထောင်စုကြီးတစ်ခုလုံးရဲ့ ရေ... ရည်ရွယ်ချမှတ်ထားတယ်ဆိုတာ ထင်ရှားနေ...

> **အဲဒီအုပ်စုတွေက တိုင်းပြည်အကျိုးယုတ်အောင်၊ ပြည်သူဆင်းရဲဒုက္ခရောက်အောင် ဘာဖြစ်လို့တည်... ပြောရရင် အာဏာပေါ့ဗျာ။ အာဏာကိုလိုချင်လို့။ ဒီတော့ သူတို့အာဏာရအောင် တည်ဆဲအစိုးရကို ... အပုပ်ချမယ်၊ နှောင့်ယှက်မယ်၊ ထိုးနှက်မယ်၊ နောက်ဆုံးဖြုတ်ချမယ်။ ဒီတော့ သူတို့ရဲ့အန္တိမရည်မှန်းချက်က... မဟုတ်ဘူးလား။ ဒီတော့ဆန့်ကျင်ဘက်အုပ်စုတွေက တည်ဆဲအစိုးရကိုဆန့်ကျင်ပြီး သူတို့အာဏာရဖို့လုပ်ရာမှ... တို့ပြောပါ။ ခင်ဗျားတို့၊ ကျွန်တော်တို့ ပြည်သူကို အသုံးချနေတာဗျ။ ခင်ဗျားတို့၊ ကျွန်တော်တို့ အသုံးချခံနေ... သုံးတယ်။ ကျွန်တော်တို့ရဲ့လုပ်ဖော်ကိုင်ဖက် အလုပ်သမားထုကို သုံးတယ်။ ကျွန်တော်တို့ ကိုးကွယ်ကြည်ညို...**
>
> **တကယ်တော့ သူတို့အာဏာရူးတာနဲ့ ကျွန်တော်တို့ကို မလိမ့်တပတ်လုပ်၊ အစိုးရနဲ့ ရန်တိုက်ပေးပြီး ရှေ... ဗိန်းဖောင်းတီးပေးနေတာ၊ ဒါမဟုတ်ဘူးလား။**

(၁)

ကျော်မင်းလူ(ရွှေပြည်သာ)

ရလိုကြတယ်။ ဥပဒေရဲ့ အရိပ်အာဝါသအောက်မှာ ပေါ်ပေါက်လာတဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေကို စိတ်ကြိုက်ရွေးချယ်ပြီး အေးအေးချမ်းချမ်းနဲ့ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ရင်း ဘဝတိုးတက်ခွင့်ကိုပဲ လိုလားမျှော်လင့်ကြတယ်။ ဒါလည်း ပွင့်လင်းလာတဲ့ ဈေးကွက်စီးပွားရေးနဲ့အညီ လူတိုင်းက ကိုယ်စီဘဝ တိုးတက်ရာတိုးတက်ကြောင်း လုပ်ကြရမှာပဲ။ အခွင့်အလမ်းတွေ ဒီလောက် ဝေဆာပွင့်လန်းနေတဲ့အခြေအနေမျိုးမှာ ဘယ်သူမှ ဥပဒေကို မဆန့်ကျင်လိုဘူး။ အေးအေးချမ်းချမ်း လွတ်လွတ်လပ်လပ်နဲ့ အစွမ်း ကုန်လုပ်ပြီး အမြင့်ဆုံးအောင်မြင်မှုကို ရယူဖို့ပဲ လူတိုင်းရဲ့ရင်ထဲမှာ အားသန်နေကြမှာပါဗျာ။

ဒီတော့ ကျွန်တော်သုံးသပ်မိသလောက် ဒီဆန္ဒ(၃)ရပ်ဟာ ဒီနေ့ ပြည်သူတိုင်းရဲ့ ကိုယ်စီရင်ထဲမှာရှိနေတဲ့ ပြည်သူ့ဆန္ဒအစစ်အမှန်တွေပဲ ဖြစ်ပါတယ်ဗျာ။ အဲဒီအဓိက ပြည်သူ့လိုအင်ဆန္ဒကြီး(၃)ရပ်မှာ ခင်ဗျားတို့ တိုက်ဆောက်ချင်တာရော၊ ကားစီးချင်တာရော အကုန်ပါသွားပြီ မဟုတ်လား။ ကျန်တဲ့ဆန္ဒလေးတွေ အားလုံးလည်း အဲဒီအထဲမှာ ခြုံငုံပြီး ပါပြီးသား ဖြစ်ပါလိမ့်မယ်။

ကဲ-ပြည်သူကတော့ ဒီလို ဒီလိုဆန္ဒတွေရှိနေပြီ။ လက်ရှိ တည်ဆဲ အစိုးရက ဘာတွေလုပ်နေသလဲ။ ကျွန်တော်ပြောပါဦးမယ်။ ဒီနေ့ အစိုးရဟာ ကျွန်တော်အထက်မှာပြောခဲ့တဲ့ ပြည်သူ့ဆန္ဒတွေကို ပြီးပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ဖို့ အချိန်နဲ့အမျှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနေတယ် မဟုတ်ဘူးလား။

လက်ရှိအစိုးရက အမျိုးသားရေးလမ်းညွှန်မူဝါဒအဖြစ် ချမှတ်ထားတဲ့ ဒို့တာဝန်အရေးသုံးပါးဆိုတာ ခင်ဗျားတို့အားလုံး အသိပါ။ အဲဒီ ဒို့တာဝန်အရေးသုံးပါးဆိုတာ ပါတီတစ်ရပ်၊ လူမျိုးတစ်မျိုး၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် မူတည်ချမှတ်ထားတာမျိုး မဟုတ်ဘူး။ ဘယ်ပါတီပဲ ဖြစ်ဖြစ်၊ ဘာလူမျိုးပဲဖြစ်ဖြစ်၊ ဘယ်ပုဂ္ဂိုလ်အတွက်ဖြစ်ဖြစ် ဘယ်သူ့အတွက်မဆို အားလုံးအတွက် အမြဲတမ်း လိုအပ်နေပြီး အမြဲတမ်း မှန်ကန်နေမယ့် အရေးတွေပဲဖြစ်နေတယ်။ ပြည်ထောင်စုမပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲအောင်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ခင်ဗျားရော၊ ကျွန်တော်ရော၊ ပြည်သူအားလုံးရော အစဉ်တစိုက် ကြိုးပမ်းနေကြရမှာပဲ။ ဒီအရေး သုံးပါးဟာ ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူအားလုံးအတွက် အမြဲမှန်ကန်နေမှာပဲ။ ဒါကိုလက်မခံနိုင်ပါဘူးဆိုတဲ့ ပါတီဖြစ်စေ၊ လူမျိုး ဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ ရှိလာခဲ့ရင် အဲဒီပါတီ၊ လူမျိုး၊ ပုဂ္ဂိုလ်တွေဟာ အမျိုးသားအကျိုးစီးပွားကို ပစ်ပယ်သူတွေသာဖြစ်မှာပဲ။ ဒီတော့ ဒို့တာဝန်အရေးသုံးပါးဟာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးအတွက် အမြဲမှန်ကန်၊ အမြဲလိုအပ်နေမှာဖြစ်တယ်။ ဒါကြောင့် ပြည်ထောင်စုကြီးတစ်ခုလုံးရဲ့ ရေရှည်အကျိုးစီးပွားအတွက် ရည်ရွယ်ချမှတ်ထားတယ်ဆိုတာ ထင်ရှားနေပါပြီ။ လက်မခံနိုင်စရာ တစ်လုံးတစ်ပါဒမျှ မရှိဘူးဆိုတာလည်း ထပ်ပြောဖို့ လိုမယ်မထင်တော့ပါဘူး။

ဒီလို ဒို့တာဝန်အရေးသုံးပါးကို အလေးအနက်ခံယူပြီး အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်သူ့ဆန္ဒနဲ့အညီ ထိရောက်အောင်မြင်မှုရှိစေဖို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းစဉ်အဖြစ် ချမှတ်ဖော်ဆောင်နေတယ်။ ဒီတော့ အဲဒီ ဦးတည်ချက်(၁၂)ရပ်ကို ခင်ဗျားတို့၊ ကျွန်တော်တို့ သေသေချာချာ သုံးသပ်လေ့လာကြည့်မယ်ဆိုရင် ဒီနေ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူအတွက် လက်တွေ့အကျဆုံး၊ ပကတိအရှိတရားနဲ့ အကိုက်ညီဆုံး၊ အမျိုးသားအကျိုးစီးပွားကို အဖော်ဆောင်နိုင်ဆုံး လုပ်ငန်းစဉ်တွေဖြစ်နေတာကို တွေ့ရမှာဖြစ်တယ်။ ဥပမာအားဖြင့် စီးပွားရေးဦးတည်ချက်(၄)ရပ်ထဲက နောက်ဆုံးအချက်ဖြစ်တဲ့ **“နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး”**ဆိုတဲ့ အချက်ကိုပဲကြည့်။ ဒီ ဦးတည်ချက်က တိုင်းရင်းသားလုပ်ငန်းရှင်တွေ့ရဲ့ ရေရှည်အကျိုးစီးပွားကိုမျှော်ကိုးပြီး ကာကွယ်ပေးထားတယ်ဆိုတာ ထင်ရှားမနေဘူးလား။ နိုင်ငံတော်အနေနဲ့ ဒီလိုမျိုး တိုင်းရင်းသား လုပ်ငန်းရှင်တွေကို ကာကွယ်ပေးမထားဘူးဆိုရင် တိုင်းတစ်ပါးအင်အားကြီးလုပ်ငန်းရှင်တွေက ကျွန်တော်တို့ နိုင်ငံ့စီးပွားတစ်ခုလုံးကို ဝါးမျိုသွားမှာ အသေအချာပဲ။ အဲဒီတော့ ကိုယ့်ပြည်သူ၊ ကိုယ့်တိုင်းရင်းသားလုပ်ငန်းရှင်လေးတွေ စုန်းစုန်းမြုပ်သွားမှာပေါ့။ ဒီလိုအကာအကွယ်ပေးထားတာကို ကျွန်တော်တို့၊ ခင်ဗျားတို့ မြင်တတ်ဖို့လိုတယ်။ ဒီဥပမာလိုပဲ ကျန်တဲ့ ဦးတည်ချက်များအားလုံးဟာလည်း ဆိုင်ရာကဏ္ဍအလိုက် ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူရဲ့ ရေရှည်အကျိုးစီးပွားအတွက် ရည်မှန်းဖော်ဆောင်ရမယ့် လုပ်ငန်းစဉ်များသာ ဖြစ်တယ်ဆိုတာ စေ့စေ့စပ်စပ် သုံးသပ်လေ့လာကြည့်ရင် ထင်ထင်ရှားရှားကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ **ဦးတည်ချက်(၁၂)ရပ်ဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူများအတွက် အမှန်ကန်ဆုံး၊ အသင့်လျော်ဆုံး လုပ်ငန်းစဉ်များအဖြစ် ဘယ်လိုမှ ငြင်းပယ်လို့မရအောင် ခိုင်မာလေးနက်ပြီး အနှစ်သာရပြည့်ဝတယ်လို့ ကျွန်တော်ဆိုချင်တယ်။ ဒီ ဦးတည်ချက်တွေမှာ နိုင်ငံနဲ့ ပြည်သူ အကျိုးစီးပွား ပျက်စီးယုတ်လျော့စေမယ့် အကြောင်းအရာ လုံးဝမပါဘူး။ ကျွန်တော်ပြောတာ ဟုတ်ရဲ့လားမသိဘူး။**

နောက်ပြီး ကျွန်တော်တို့နိုင်ငံတော်ရဲ့ ရည်မှန်းချက်ပန်းတိုင်ကိုက အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ဖို့ဖြစ်တယ်။ “အေးချမ်းသာယာ” ဆိုတဲ့စကားရပ်မှာ ပြည်သူ့ဆန္ဒ(၁) အကျုံးဝင်ပြီးဖြစ်သလို “ခေတ်မီဖွံ့ဖြိုးတိုးတက်တယ်” ဆိုတာလည်း ပြည်သူ့ဆန္ဒ(၂)ပဲ မဟုတ်ဘူးလား။ “စည်းကမ်းပြည့်ဝသော”ဆိုတာကတော့ ပြည်သူ့ဆန္ဒ(၃)ကို ကိုယ်စားမပြုနိုင်ဘူးလား။ ဒီလို ခွဲခြမ်းစိတ်ဖြာကြည့်ရင် အဲဒီ “ပန်းတိုင်”ဆိုတဲ့ စကားရပ်မှာကိုက ပြည်သူအများရဲ့ အဓိကဆန္ဒ (၃)ရပ်ကို အလေးထား အကောင်အထည်ဖော်ပေးနေတယ်ဆိုတာ ပေါ်လွင်ထင်ဟပ်ပြီးဖြစ်နေတာကို အားလုံး အသိအမှတ်ပြုနိုင်လိမ့်မယ် ထင်ပါတယ်။

ဒီတော့ တည်ဆဲအစိုးရဟာ အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းစဉ်အဖြစ် အခြေခံလို့ ပြည်သူ့ဆန္ဒ(၃)ရပ် ပြီးပြည့်စုံစေဖို့ အကောင်အထည်ဖော်ပေးနေတယ်ဆိုတာ ကျွန်တော်တို့ လက်ခံနိုင်ပြီ။ အဲဒီလို အကောင်အထည်ဖော်ရာမှာ ဘယ်သူနဲ့ လက်တွဲမှာလဲ။ အစိုးရက ပြည်သူနဲ့ပဲ လက်တွဲနေတာပါ။ အစိုးရနဲ့ပြည်သူ ကြည်ဖြူလက်တွဲပြီး အားကြိုးမာန်တက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြလို့ ဒီနေ့နိုင်ငံတော်ရဲ့ တိုးတက်အောင်မြင်ဖြစ်ထွန်းနေမှုတွေကလည်း လက်ညှိုးထိုးမလွဲ မျက်မြင်ကိုယ်တွေ့ပါပဲ။ ပညာရေး၊ ကျန်းမာရေး၊စီးပွားရေး၊ လူမှုရေး၊ ဆက်သွယ်ရေးအပါအဝင် နယ်ပယ်ကဏ္ဍအသီးသီးမှာ အောင်မြင် ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ဘယ်ခေတ် ဘယ်ကာလနဲ့မှ မယှဉ်သာအောင် သီးပွင့်ဝေဆာ ဖြစ်ထွန်းခဲ့တယ်ဆိုတာ အားလုံးအသိပါ။ ဒီလို တိုးတက်ဖွံ့ဖြိုးမှု အသီး အပွင့်တွေကိုလည်း ကျွန်တော်တို့၊ ခင်ဗျားတို့ တိုင်းရင်းနွယ်ဖွား ပြည်သူပြည်သားအားလုံး တစ်ပြေးညီ ခံစားခွင့်ရခဲ့ကြတာပဲ မဟုတ်လား။ ရေမြင့်ရင် ကြာတင့်ရမှာပါ။

ဈေးကွက်စီးပွားရေးရဲ့ သဘောတရားအရ အမြတ်အစွန်းဆိုတာကို ရှေးရှုကြမြဲဖြစ်ပေမယ့် အစိုးရကတော့ ပြည်သူအများ သက်သာချောင်ချိစေရေးအတွက် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်ဖြင့် ကဏ္ဍအတော်များများမှာ အဘက်ဘက်က အရှုံးခံပြီး နိုင်ငံတော်ဘဏ္ဍာကနေ ငွေကြေးအမြောက်အမြား စိုက်ထုတ်ကျခံ သုံးစွဲပေးခဲ့။

ကျွန်တော် အရင်က ရေးခဲ့ဖူးသလို လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်လို့ လမ်းတံတားတွေ လက်ယှက်ထိုး ဖောက်လုပ်ဆက်သွယ် ပေးခဲ့တာအစ၊ စိုက်ပျိုးရေးနဲ့ပတ်သက်လို့ ဆည်တမံကြီးတွေ လက်ညှိုး ထိုးမလွဲ ဖန်ဆင်းပေးခဲ့တာအလယ်၊ စက်မှုလုပ်ငန်းနဲ့ ပတ်သက်လို့ စက်မှုဇုန်ကြီးတွေ ဖော်ထုတ်အားပေး ပံ့ပိုးပေးခဲ့တာအဆုံး တည်ဆဲအစိုးရရဲ့ အလုံးစုံသော ပြည်သူ့အကျိုး သယ်ပိုးစွမ်းဆောင်ပေးမှုတွေဟာ တကယ့်ကို အသိအမှတ်ပြု မှတ်တမ်းတင်ထိုက်ပါတယ်။ ဒါကို ပြည်သူကလည်း သိပါတယ်။ ကျွန်တော် နိဒါန်းမှာတင်ပြခဲ့တဲ့ အဆိုးမြင် အကြမ်းဖက်ဝါဒီ ဆန့်ကျင်ဘက်အဖွဲ့တွေလည်း မသိမဟုတ်ပါ။ သိသိကြီးနဲ့ပဲ....။ သူတို့အကြောင်း နောက်မှ ကျွန်တော်ဆက်ပါ့မယ်။

တည်ဆဲအစိုးရအနေနဲ့ နိုင်ငံနဲ့ပြည်သူအတွက် ကြိုးစားပမ်းစား လုပ်နေတယ်။ အမျိုးသားရေးမူဝါဒရော၊ ဦးတည်ချက်လုပ်ငန်းစဉ်ရော မှန်နေပြီ။ ရည်မှန်းချက်ပန်းတိုင်ကလည်း ပြည်သူ့ဆန္ဒ အစစ်အမှန်နဲ့ ကိုက်ညီပြီး တစ်ထပ်တည်းဖြစ်နေပြီ။ ပြည်သူနဲ့လက်တွဲပြီး ရှေ့ခရီးလည်း ဆက်နေကြပြီ။ ဒီနေ့အခြေအနေမှာ ပြန်သုံးသပ်ရင် အောင်မြင်မှုတွေလည်း အထိုက်အလျောက်ရနေပြီ။ ဒီနေရာမှာ အောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာ ပါလီမန်ဒီမိုကရေစီခေတ်နဲ့ ပြန်ယှဉ်ကြည့်မလား၊ လမ်းစဉ်ပါတီခေတ်နဲ့ ပြန်ယှဉ်ကြည့်မလား။ ဒီနေ့ တပ်မတော်အစိုးရ ခေတ်မှာ အရင်နှစ်ခေတ်နဲ့ ဘာမှ မဆိုင်အောင် တိုးတက်လာတာတော့ အမှန်ပဲ။ ဒီနေ့ ပစ္စုပ္ပန်အခြေအနေပဲ ကောင်းနေတာလားဆိုတာတော့ မဟုတ်သေးဘူး။ အနာဂတ်အတွက် အာမခံချက်ပေးထားပြီး အနာဂတ်အတွက်ပါ ကြိုပြီးတွေးခေါ် မြော်မြင်စဉ်းစားပြီး လုပ်ပေးနေတာ ဘယ်လိုပဲကြည့်ကြည့် မြင်သာပါတယ်။

ဒီနေ့ အရှိန်အဟုန်နဲ့ တည်ဆောက်ပေးနေတဲ့ Infrastructure တွေဟာ အနာဂတ်မှာ အဆပေါင်းများစွာ သာလွန်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ဆောင်ကြဉ်းပေးနိုင်ဖို့ လမ်းခင်းပေးနေတာပါ။ ဒီလို Infrastructure တွေ မပြည့်စုံဘဲနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဘယ်လိုမှ အောင်မြင်အောင် တည်ဆောက်နိုင်မှာမဟုတ်ဘူး။ ရှေ့မှာလည်း သင်ခန်းစာတွေ အများကြီးရှိခဲ့ပြီးပါပြီ။ ပြည်သူ့ဆန္ဒက ဒီမိုကရေစီလိုချင်တယ်ဆိုလို့ ဒီမိုကရေစီ ချက်ချင်းပြောင်းပေးလို့ မရနိုင်ဘူးဆိုတာ အစိုးရက ကြိုတင် မြော်တွေးခဲ့ပါလိမ့်မယ်။ ဒါကြောင့်လည်း ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းနိုင်ဖို့ လုပ်ပေးနေတာပါ။ ဒါကို ကျွန်တော်တို့ သဘောပေါက်နားလည်ဖို့ လိုပါလိမ့်မယ်။

အစိုးရအနေနဲ့ ပြည်သူက လိုချင်တယ်ဆိုတာနဲ့ ဆိုရှယ်လစ် စီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းပေးခဲ့ပြီးပါပြီ။ အဲဒီလိုပြောင်းရာမှာလည်း ငိုတဲ့ကလေး အငိုတိတ်အောင် “ဒီလောက် တောင်ဖြစ်တာ--ရော့၊ စားပြီး ဖြစ်ချင်ရာဖြစ်”ဆိုပြီး တည့်တာရော၊ မတည့်တာရော ရှိတဲ့မုန့် အကုန်ချကျွေးခဲ့တာမဟုတ်ပါဘူး။ ကျွေးသင့်တဲ့မုန့်ကို ကျွေးသင့်တဲ့အချိန်မှာ စနစ်တကျစီမံပြီး လုပ်ပေးခဲ့တာပါ။ “ရော့-ဈေးကွက်စီးပွားရေး”ဆိုပြီး ဖွင့်ပေးလိုက်ရင် ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးကို တစ်ပါးသူက ဝါးမျိုသွားမှာပါ။ ဒီတော့ ဈေးကွက်စီးပွားရေးဆိုပေမယ့် သူလည်း ဒီမိုကရေစီလိုပဲ စနစ်တကျ တစ်ဆင့်ပြီး တစ်ဆင့် အသားကျလာအောင် လုပ်ပေးနေတာဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေးရဲ့ သဘောတရားအရ အမြတ်အစွန်းဆိုတာကို ရှေးရှုကြမြဲဖြစ်ပေမယ့် အစိုးရကတော့ ပြည်သူအများ သက်သာချောင်ချိ စေရေးအတွက် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည်ဖြင့် ကဏ္ဍအတော်များများမှာ အဘက်ဘက်က အရှုံးခံပြီး နိုင်ငံတော်ဘဏ္ဍာကနေ ငွေကြေးအမြောက်အမြား စိုက်ထုတ်ကျခံ သုံးစွဲပေးခဲ့ပါတယ်။ စက်သုံးဆီကဏ္ဍနဲ့ ပတ်သက်ပြီးတော့လည်း ပြည်တွင်းသုံးစွဲဖို့ စက်သုံးဆီတွေကို ပြည်ပကဝယ်ယူတင်သွင်းပြီး ပြည်သူအများ သက်သက်သာသာ ချောင်ချောင်ချိချိ ဝယ်ယူသုံးစွဲနိုင်ပါစေဆိုတဲ့ အပြုသဘောစေတနာနဲ့ နိုင်ငံတော်က စိုက်ထုတ်အရှုံးခံပြီး ဖြန့်ဖြူး ရောင်းချပေးလာခဲ့တာ နှစ်ပေါင်းမနည်းတော့ပါဘူး။ အဲဒီတုန်းကတော့ ကျွန်တော်တို့၊ ခင်ဗျားတို့ အားလုံး အစိုးရက အရှုံးခံရောင်းပေးနေမှန်းတောင် မသိခဲ့ကြသလို ကမ္ဘာ့လောင်စာဆီဈေးနှုန်းတွေ ဘာတွေဆိုတာလည်း ကိုယ်နဲ့မဆိုင်သလို နေခဲ့ကြတာပါ။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

...ရောက်အောင် ဘာဖြစ်လို့တည်ဆဲအစိုးရတွေကို ဆန့်ကျင်နေကြရတာလဲ။ ရှင်းရှင်း ...ရအောင် တည်ဆဲအစိုးရကို တကယ့်ရန်သူကြီးလို သဘောထားပြီး ဆန့်ကျင်မယ်၊ ... သူတို့ရဲ့အန္တိမရည်မှန်းချက်က အာဏာသူတို့လက်ထဲရောက်ဖို့။ ကျွန်တော်ပြောတာ ...ချင်ပြီး သူတို့အာဏာရဖို့လုပ်ရာမှာ ဘယ်သူ့ကိုခုတုံးလုပ်အသုံးချနေသလဲ။ ကဲ-ခင်ဗျား ...တို့၊ ကျွန်တော်တို့ အသုံးချခံနေရတာ။ ကျွန်တော်တို့ရဲ့ သားသမီး ကျောင်းသားထုကို ... ကျွန်တော်တို့ ကိုးကွယ်ကြည်ညို ဆည်းကပ်ရတဲ့ သံဃာထုကိုသုံးတယ်။ ...ပ်၊ အစိုးရနဲ့ ရန်တိုက်ပေးပြီး ရှေ့က ထွက်ခိုင်းနေတာ။ သူတို့ကတော့ နောက်ကနေပြီး

စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

အခုတော့ ကမ္ဘာ့လောင်စာဆီဈေးနှုန်းဆိုတာကြီးက အဆမတန် တက်လာတော့ ပြည်တွင်းမှာ အရှုံးခံပြီး ဝယ်ယူဖြန့်ဖြူးပေးနေရတဲ့ အစိုးရအနေနဲ့ စက်သုံးဆီအတွက် စိုက်ထုတ်အရှုံးခံ သုံးစွဲနေရတဲ့ ဘဏ္ဍာငွေ ဆုံးရှုံးမှုကလည်း မတရားများလာ၊ တစ်ဖက်ကလည်း ခင်ဗျားတို့၊ ကျွန်တော်တို့ရဲ့ အနာဂတ်အတွက် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတွေမှာ စိုက်ထုတ်ကျခံ သုံးစွဲရတဲ့စရိတ်ကလည်း အရမ်းကြီးလာဆိုတော့ နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးမှု နည်းနည်းသက်သာ သက်သာဆိုပြီး စက်သုံးဆီဈေးနှုန်းကို မြှင့်လိုက်ရပါပြီ။ ဒါပေမယ့် နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးမှု သက်သာရေးကိုပဲမကြည့်ဘဲ တစ်ဖက်က ပြည်သူအနေနဲ့လည်း တိုးမြှင့်လိုက်တဲ့ စက်သုံးဆီဈေးနှုန်းကြောင့် ထိခိုက်နစ်နာမှု သက်သာရလေအောင် နှစ်ဘက်မျှတချိန်ဆပြီး စက်သုံးဆီဈေးနှုန်းကို သင့်တင့်မျှတတဲ့ အတိုင်းအတာတစ်ခုအထိပဲ တိုးမြှင့်ခဲ့တာပါလို့ ဆိုပါတယ်။ ဒီလိုတိုးမြှင့်ပြီးတဲ့ ဈေးနှုန်းကတောင် တခြားနိုင်ငံတွေက ဈေးနှုန်းနဲ့စာရင် ထက်ဝက်လောက် သက်သာနေပါသေးတယ်။ ဒီနေ့ စက်သုံးဆီနဲ့ ပတ်သက်ပြီး မျက်စိပွင့် နားစွင့်ဖြစ်လာတဲ့ ကျွန်တော်တို့အားလုံးလည်း သတင်းစာ၊ ဂျာနယ်တွေကတစ်ဆင့် ပြည်ပဈေးနှုန်းတွေကအစ သိလာကြပြီဆိုတော့ အဲဒါတွေနဲ့နှိုင်းယှဉ်ပြီး အစိုးရရဲ့ ဒီကိစ္စအပေါ် တကယ့်ကို ကြည်ကြည်လင်လင်နဲ့ နားလည်ပေးနိုင်ခဲ့ပြီမဟုတ်လား။ ဒါ့အပြင် အခုလို ဈေးနှုန်းတိုးမြှင့် သတ်မှတ်ပေးလိုက်ခြင်းဟာ နိုင်ငံတော်အနေနဲ့ အမြတ်အစွန်းရယူဖို့ လုံးဝမဟုတ်ဘဲ ပြည်သူ့ဘဏ္ဍာကနေ အရှုံးခံ စိုက်ထုတ်သုံးစွဲနေရတာ နည်းနည်းသက်သာသွားရုံလေး လုပ်ခဲ့တယ်ဆိုတာလည်း ကျွန်တော်တို့အားလုံး လက်ခံနိုင်ခဲ့ပါပြီ။

ကဲ-ဒါဆိုရင် နိုင်ငံရေးဘက်နည်းနည်းကြည့်ကြရအောင်။ အစိုးရအနေနဲ့ ပြည်သူလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးနိုင်အောင် မရှိမဖြစ် လိုအပ်နေတဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ပေးနေတယ်ဆိုတာ ထင်းထင်းကြီး တွေ့ရမှာပါ။ ဒါဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်ရမယ့် အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများ ညှိနှိုင်းဆုံးဖြတ် ချမှတ်နိုင်ဖို့အတွက် ၁၉၉၃ ခုနှစ်ကစပြီး အမျိုးသားညီလာခံကို ကျင်းပခဲ့တယ်။ ကျွန်တော်တို့၊ ခင်ဗျားတို့ သိပြီးဖြစ်တဲ့အတိုင်း NLD ပါတီဟာ မူလက အမျိုးသားညီလာခံမှာ ပူးပေါင်းပါဝင် တက်ရောက်ခဲ့ပေမယ့် ၁၉၉၅ ခုနှစ်မှာ ပါတီခေါင်းဆောင် ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ ညီလာခံကနေ ကျောခိုင်းထွက်ခွာသွားခဲ့တယ်။ ၁၉၉၆ ခုနှစ်မှာ အမျိုးသားညီလာခံကို ယာယီအားဖြင့် ရပ်ဆိုင်းထားခဲ့ရတယ်။ ဟုတ်တယ်မဟုတ်လား။

ဒါပေမယ့်**နိုင်ငံတော်အစိုးရဟာ အမျိုးသားရေးပန်းတိုင်ကိုမျက်ခြည်ပြတ်မခံခဲ့ဘူး။ ၂၀၀၃ ခုနှစ်မှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်တယ်။ တိုင်းသိပြည်သိ၊ ကမ္ဘာသိ ကြေညာတယ်။ နောက် ၂၀၀၄ ခုနှစ်မှာ အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့တယ်။ ဒါကြောင့် အခုဆိုရင် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီမဟုတ်လား။ ရှေ့ဆက်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ပန်းတိုင်အရောက် ဆက်လျှောက်သွားကြရမှာပါ။ နိုင်ငံတော်အစိုးရနဲ့ပြည်သူ လက်တွဲညီညွတ်ပြီး ဒီအရှိန်အဟုန်အတိုင်းသာ ဆက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုရင် ပြည်သူ့ဆန္ဒနဲ့အညီ ဖော်ဆောင်နေတဲ့ နိုင်ငံတော်ရဲ့မူဝါဒတွေ၊ ဦးတည်ချက်လုပ်ငန်းစဉ်တွေအားလုံးဟာ ကာလတိုအတွင်း အောင်မြင်မှု ရရှိနိုင်မှာ မြေကြီးလက်ခတ်မလွဲ မဟုတ်လား။**

အစိုးရအနေနဲ့က ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာနဲ့ အနှစ်သာရရှိရှိ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်စေဖို့ (၁) နိုင်ငံတော်မှာ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရှိရမယ်၊ (၂) နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရှိရမယ်၊ (၃) ဒီမိုကရေစီကို ကိုင်တွယ်ကျင့်သုံးမယ့် ပြည်သူတစ်ရပ်လုံးရဲ့ အသိဉာဏ်ဗဟုသုတ ရင့်ကျက်ရမယ်လို့ခံယူပြီး ဒီအခြေအနေသုံးရပ်နဲ့ အမြန်ဆုံး ပြည့်စုံညီညွတ်အောင် လုပ်ပေးနေတာ အထင်အရှားပါ။ ဒါလည်း မှန်တယ်လို့ ကျွန်တော်ထောက်ခံတယ်။ ဒီသုံးချက်မပြည့်စုံခဲ့လို့ ၁၉၄၈-၆၂ ပါလီမန်ဒီမိုကရေစီစနစ် မအောင်မြင်ခဲ့ဘူး။ ကိုလိုနီနယ်ချဲ့ရဲ့ ဆိုးမွေကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အဘက်ဘက်က နိမ့်ကျနေပြီး ရန်ကုန်အစိုးရလို့ နောက်ပြောင်ခံရတဲ့အထိ နယ်မြေအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှု ပျက်ယွင်းနေတဲ့အခြေအနေမျိုးမှာ ဘယ်လိုအစိုးရမျိုးက ဒီမိုကရေစီဆိုတာကို အောင်မြင်အောင် ကိုင်တွယ်ကျင့်သုံးနိုင်မှာလဲ။ ဒါကို သင်ခန်းစာယူနိုင်ရင် တည်ဆဲအစိုးရရဲ့ အပြုသဘောဆောင်တဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့၊ ခင်ဗျားတို့ လက်ခံကြရမှာပေါ့။ ကောင်းအောင်လုပ်နေတာမှန်း သိနေတာပဲ။

ဒီနေရာမှာ ကျွန်တော်တို့ ယုံကြည်တဲ့ ဒီမိုကရေစီက အနောက်ပုံတူကူး ဒီမိုကရေစီမဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိဖြစ်တည်ခဲ့တဲ့ သမိုင်းအခြေခံ၊ လက်ရှိ တည်ရှိနေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားအရေး စတာတွေနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဒီမိုကရေစီမျိုး။ ဒီလိုမျိုးဖြစ်စေချင်တာ။ ဒီမိုကရေစီရေးဇောကပ်ပြီး ပကတိအရှိတရားထက် ကျော်ပြီးတော့ လုပ်လို့မရဘူး။ စိတ်ကူးယဉ်သက်သက်နဲ့ တစ်ဇွတ်ထိုးတောင်းနေလို့မရဘူး။ ဒါကို ဒီနေ့အစိုးရသိတယ်။ သိတော့ ထိန်းပေးတယ်။ ဒီလိုထိန်းပေးနေတာကိုလည်း ပြည်သူကယုံကြည်တယ်။ ဒါက ကျွန်တော်တို့ရဲ့ ဒီဘက်အခြေအနေ။

ဒီနေ့ အမျိုးသားညီလာခံက အခြေခံမူတွေ ချမှတ်ပြီးသွားတာဟာ ဒီမိုကရေစီဖော်ဆောင်မှုရဲ့ အပြီးသတ် [End] မဟုတ်ဘူး။ ဆက်ပြီး အဆင့်ဆင့် ကျင့်သုံး အကောင်အထည်ဖော်နေရမယ့် လုပ်ငန်းစဉ် [Process]ရဲ့ အစသာဖြစ်တယ်။ ဒါကိုကျွန်တော်တို့မြင်တယ်၊ လက်ခံနိုင်တယ်။ ဒီမိုကရေစီရဲ့ သဘောသဘာဝနဲ့အညီ ပြည်သူက လက်တွေ့ကျင့်သုံးရင်း တဖြည်းဖြည်းရင့်ကျက်လာမယ်။ အဲဒီလို ရင့်ကျက်လာတာနဲ့အမျှ ဒီမိုကရေစီရဲ့ အနှစ်သာရတွေ ပြည့်ဝလာပြီး ညင်ညင်သာသာနဲ့ ကူးပြောင်းတိုးတက် အကောင်အထည်ဖော်သွားနိုင်မယ်။ ဒါကို ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူက ယုံကြည်တယ်။ အလေးအနက်ကို ယုံကြည်ခံယူထားတယ်။ မယုံပါဘူးဆိုတဲ့သူတွေ ဘာလို့ မယုံတာလဲ၊ ဘာလို့ လက်မခံနိုင်ကြတာလဲ။ နောက်ပိုင်းမှာ ကျွန်တော် အဖြေပေးပါ့မယ်။

ဆက်ရရင် ဒီနေ့အစိုးရဟာ ပြည်သူ့ဆန္ဒဦးစားပေးပြီး နိုင်ငံတော်နဲ့ ပြည်သူအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးထမ်းဆောင်နေပါတယ်။ ဒါ ဟုတ်သလား၊ မဟုတ်ဘူးလား ခင်ဗျားတို့စဉ်းစား။ ဒီလိုထမ်းဆောင်ရာမှာလည်း ဒေါ်စုကြည်နဲ့ NLD ရဲ့ အတို့အထောင်ကောင်းမှုကြောင့် စီးပွားရေးပိတ်ဆို့မှုတွေနဲ့၊ အခက်အခဲ အကျပ်အတည်းမျိုးစုံနဲ့ ကြုံခဲ့ရသလား၊ မကြုံခဲ့ရဘူးလား ကျွန်တော်တို့၊ ခင်ဗျားတို့အသိ။ ဒါပေမယ့် ဒီလိုပိတ်ဆို့မှု၊ အခက်အခဲအကျပ်အတည်းတွေကြားထဲကပဲ အစိုးရက ဦးဆောင်၊ ပြည်သူက နောက်ကပါပြီး ကြံ့ကြံ့ခိုင်ခိုင် ညီညီညွတ်ညွတ် ရင်ဆိုင်တွန်းလှန် ကျော်လွှားနိုင်ခဲ့ကြတာ မဟုတ်ဘူးလား။ ဒါကြောင့် ဒီနေ့ ဒီအခြေအနေရောက်လာတာ မဟုတ်ဘူးလား။ ဒီနေ့ ဒီအဆင့်ရောက်လာဖို့ ဘယ်ပါတီတွေက ကူခဲ့သလဲ။ ဘယ်ပါတီခေါင်းဆောင်ကဘာတွေအကျိုးပြုခဲ့သလဲ။ ထစ်ခနဲရှိ ဖျက်ဖို့ပဲ စဉ်းစားကြံစည်နေတဲ့ အဆိုးမြင် အကြမ်းဖက်ဝါဒီတွေရဲ့ ကြားထဲကနေ ကျွန်တော်တို့၊ခင်ဗျားတို့ ကိုယ့်ခွန်ကိုယ့်အားနဲ့ရင်းပြီး ယူခဲ့ရတဲ့ ရလဒ်တွေ၊ အသီးအပွင့်တွေ မဟုတ်ဘူးလား။ ခင်ဗျားတို့အားလုံး သိပါတယ်။ သိသိကြီးနဲ့ ခင်ဗျားတို့၊ ကျွန်တော်တို့ နွံ့ဆိုး ဆိုးနေဖို့တော့ မသင့်ဘူးပေါ့။

ချုပ်ပြီးပြောပါ့မယ်။ ကျွန်တော် အခုပြောနေတာတွေဟာ အစိုးရဘက်က ရပ်တည်ပြီးပြောနေတာလို့ ခင်ဗျားတို့ ထင်ကောင်းထင်မယ်။ အဲဒီလိုထင်ရင် ကျွန်တော်ငြင်းမယ်။ ကျွန်တော်မြင်တဲ့အတိုင်း၊ အရှိအတိုင်း အမှန်ကိုပြောနေတာ။ မှန်တာကို အမှန်အတိုင်းပြောနေတာ။ ဒါကိုတော့ လက်ခံရမယ်။ ကျွန်တော် ဒီအစိုးရကောင်းပါတယ်မပြောဘူး။ ကောင်းတယ်၊ ဆိုးတယ် ခင်ဗျားတို့ ကိုယ့်ဟာကိုယ်ဆုံးဖြတ်။ အားလုံးမှာ ဆုံးဖြတ်နိုင်တဲ့ ဦးနှောက်နဲ့ ခံစားနိုင်တဲ့ နှလုံးသားကိုယ်စီ ရှိကြတာပဲ။ ခင်ဗျားတို့နှလုံးသားနဲ့ခံစား၊ ဦးနှောက်နဲ့တွေး၊ ပြီးရင် အမှန်အတိုင်းဆုံးဖြတ်။ ကျွန်တော်ကတော့ တည်ဆဲအစိုးရ စင်းလုံးချော ကောင်းပါတယ်လို့ မပြောဘူး။ သူတို့မှာလည်း အားနည်းတာတွေ ရှိနိုင်တာပဲ။

ကျွန်တော်နားလည်သလိုပြောရရင် လူမှန်ရင်၊ ပုထုဇဉ်မှန်ရင် အမှားနဲ့ မကင်းနိုင်ကြဘူး။ ကျွန်တော်တို့ရဲ့ ဗုဒ္ဓဘုရားရှင်မှတစ်ပါး အမှားကင်းတဲ့ ပုဂ္ဂိုလ်ဆိုတာ မရှိနိုင်ဘူး။ ဒါကြောင့် ဘယ်အစိုးရ၊ ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ်မှ အားလုံးမမှန်နိုင်ဘူး။ အလားတူ အားလုံးလည်း မကောင်းနိုင်ဘူး။ တည်ဆဲအစိုးရလည်း အမှားမကင်းဘူး။ စင်းလုံးချော မကောင်းဘူး။ သူ့မှာ အပြစ်အနာအဆာ ထောက်စရာတွေ၊ အားနည်းချက်တွေရှိမယ်။

ဒါပေမယ့် ဒီနေ့သူလုပ်နေတာ အများစုကောင်းသလား၊ သူလုပ်နေတာ အများစုမှန်သလား၊ ဒါပဲစဉ်းစားရမယ်။ သူ့မူဝါဒတွေ၊ ဦးတည်ချက်တွေ၊ လုပ်ငန်းစဉ်တွေမှန်တယ်၊ ကောင်းတယ်။ အဲဒီအပေါ်အခြေခံပြီး သူသွားနေတာ၊ သူလုပ်နေတာ အများစုကောင်းတယ်၊ အများစုမှန်တယ်။ ပြည်သူ့ဆန္ဒအစစ်အမှန်ကို သူလေးစားပြီး လုပ်ပေးနေတာကောင်းတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် နိုင်ငံနဲ့ပြည်သူအပေါ်ထားတဲ့ စေတနာမှန်ကိုမှန်တယ်။ ဒါကျွန်တော်တို့ ယုံတယ်။ စေတနာမှန်သော်ငြား လုပ်နည်းလုပ်ဟန်မှားတာ ရှိကောင်းရှိမယ်။ မမှားပေမယ့် ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီအမြင် မရင့်ကျက်သေးတာ၊ ဈေးကွက်စီးပွားရေးသဘော နားမလည်နိုင်သေးတာကြောင့် မှားတယ်လို့ ထင်မြင်နေတာတွေလည်း ရှိကောင်းရှိမယ်။ ဘာပဲဖြစ်ဖြစ် မျက်မှန်စိမ်းမတပ်ဘဲ ပကတိမျက်စိ ကြည်ကြည်လင်လင် မှန်မှန်ကန်ကန် အနုလုံပဋိလုံ ကြည့်ပြီး မျှမျှတတ ချိန်ထိုးသုံးသပ်ကြည့်စမ်းပါ။ ဘာအဖြေပေါ်လာမလဲ။ လက်ရှိ အစိုးရ ကောင်းသလား၊ မကောင်းဘူးလား၊ ဒီနေ့ လုပ်နေတာတွေ အများစု မှန်သလား၊ မှားသလား။ အဖြေမှန်က မြင်သာပါတယ်။

ကောင်းတာများရင် ကောင်းတယ်လို့ သတ်မှတ်ရမှာပါပဲ။ ဒီလိုပဲ မှန်တာများရင် မှန်တယ်လို့ သတ်မှတ်ရမှာပါ။ စာမေးပွဲဖြေသလို ပေးမှတ် ၁၀၀ မှာ ၄၀ ရရင် အောင်မယ် သတ်မှတ်ကြည့်စမ်းပါ။ လက်ရှိအစိုးရ အမှတ်ဘယ်လောက် ရနိုင်မလဲ။ အမှတ် ၇၀ လား၊ ၈၀ လား ကျွန်တော်မပြောလိုဘူး။ ဒါပေမယ့် ကျွန်တော့်အမြင်အရတော့ လက်ရှိအစိုးရ စာမေးပွဲအောင်တယ်။ အမှတ်ပြည့်မရပေမယ့် ဂုဏ်ထူး ရနိုင်တယ်။ ကျွန်တော် ဒီလိုပဲမြင်တယ်။

ကဲ-ဒီလိုအခြေအနေမှာ ပြည်သူအများ အကျိုးဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ မကောင်းဘူးလား။ ဒါပေမယ့် ဒီလိုဖြစ်မလာဘူး။ အဆိုးမြင် ဆန့်ကျင်ဘက်တွေက ပြည်သူ့အကျိုးဆိုတာကို ဘေးဖယ်ပြီး အလုံးစုံ ပျက်သုဉ်းအောင် ပူးပေါင်းကြံစည် လုပ်ဆောင်လာခဲ့ကြတယ်။ ဒီအကြောင်းတွေကို အပိုင်း(၂)မှာ ဆက်ပါဦးမယ်။ ။

နိုင်ငံတော်အစိုးရဟာ အမျိုးသားရေးပန်းတိုင်ကို မျက်ခြည်ပြတ်မခံခဲ့ဘူး။ ၂၀၀၃ ခုနှစ်မှာ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်တယ်။ တိုင်းသိပြည်သိ၊ ကမ္ဘာသိ ကြေညာတယ်။ နောက် ၂၀၀၄ခုနှစ်မှာ အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့တယ်။ ဒါကြောင့် အခုဆိုရင် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးမြောက်ခဲ့ပြီ မဟုတ်လား။ ရှေ့ဆက်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ပန်းတိုင်အရောက် ဆက်လျှောက်သွားကြရမှာပါ။ နိုင်ငံတော်အစိုးရနဲ့ပြည်သူ လက်တွဲညီညွတ်ပြီး ဒီအရှိန်အဟုန်အတိုင်းသာ ဆက်ပြီးကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုရင် ပြည်သူ့ဆန္ဒနဲ့အညီ ဖော်ဆောင်နေတဲ့ နိုင်ငံတော်ရဲ့ မူဝါဒတွေ၊ ဦးတည်ချက်လုပ်ငန်းစဉ်တွေအားလုံးဟာ ကာလတိုအတွင်း အောင်မြင်မှုရရှိနိုင်မှာ မြေကြီးလက်ခတ်မလွဲ မဟုတ်လား။

မူးယစ်ဆေးဝါးအန္တရာယ်နှင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲ မန္တလေး၌ကျင်းပ

မန္တလေး စက်တင်ဘာ ၆

မန္တလေးတိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းက မူးယစ်ဆေးဝါးအန္တရာယ်နှင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၅ရက် နံနက် ၉နာရီက မန္တလေး အောင်မြေသာစံမြို့နယ် သီရိမာလာ အရှေ့ရပ်ကွက်ရုံး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်မွှေးမွှေးကိုနှင့် အဖွဲ့ဝင်များ၊ တိုင်းစေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး အသင်းဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အမှုဆောင်များ၊ အသင်းသူ အသင်းသားများ၊ ရပ်ကွက်ဥက္ကဋ္ဌဦးဝင်းကိုနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပညာပေးဟောပြော

ရှေးဦးစွာ မြို့နယ်အတွင်းရေးမှူး ဒေါ်မွှေးမွှေးကိုနှင့် အသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကား ပြောကြားပြီး အသင်းကြီးကြပ်ရေးမှူး ဒေါ်မြနန္ဒာအောင်က မူးယစ်သမိုင်းအကြောင်းကိုလည်းကောင်း၊ ဒေါ်ကေခိုင်စိုးက မူးယစ်ဆေးဝါး ဆိုးကျိုးကိုလည်းကောင်း၊ ဦးစိုးမြင့်က ပြန်လည်ထူထောင်ရေးလုပ်ငန်းအကြောင်းကို လည်းကောင်း ပညာပေး ဟောပြောကြသည်။

ပြန်လည်ဖြေကြား

ဆက်လက်၍ တက်ရောက်လာသောသူများ၏ မရှင်းလင်းသည့် အချက်များကို မေးမြန်းရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် တက်ရောက်လာသူများအား မူးယစ်ဆေးဝါး ပညာပေးပိုစတာများ၊ စာစောင်များကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။ **(၁၆၂)**

၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သော မကျီးသုံးပင်–သံဘို ကျေးလက်မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေကို ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်လင်းနိုင်က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ဩဂုတ် ၆ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ရေးမြို့သီရိမာလာရပ်ကွက် ဗိုလ်ချုပ်ဈေးအနီး လက်တူးတွင်းကျယ် တူးဖော်ခြင်း၊ အုတ်ပေါင်စီခြင်း၊ ရေစင်မြင့်နှင့် ရေစက်ရုံတည်ဆောက်ပြီးစီးမှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

တာချီလိတ်မြို့ သာယာလှပရေး မြို့အဝင်ဆိုင်းဘုတ်ဝန်းကျင်မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၁ရက်က ဦးစီးအရာရှိ ဦးတင်ဝင်းမောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်မာလာဦး ခေါင်းဆောင်သောအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းတို့ ကွင်းဆင်းကြပ်မတ်စဉ်။
(မြို့နယ်စည်ပင်)

ဘားအံ မီးသတ်စခန်းဆောက်လုပ်ရန် ပန္နက်တင်

ဘားအံ စက်တင်ဘာ ၈

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ အဆင့်မြင့်မီးသတ်စခန်းဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို အမှတ်(၁)ရပ်ကွက် အထကလမ်း မီးသတ်ရုံးဝင်းအတွင်း၌ စက်တင်ဘာ ၇ရက် မွန်းလွဲ ၂နာရီခွဲက ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ မီးသတ်ဦးစီးဌာန အောက်မြန်မာပြည်ကွပ်ကဲရေးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ ဘားအံခရိုင်ဥက္ကဋ္ဌ ဦးစောမြတ်ထွဋ်ဝင်းနှင့် မြတ်အားမာန်ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးမင်းဇော်ဦးတို့က ပန္နက်တင်ပေးကြကြောင်း သိရသည်။ **(၁၄၄)**

ကျောက်ပန်းတောင်း၌ ရပ်ကွက်ပေါင်းစုံ အခြေခံမီးသတ်သင်တန်းဆင်း

ကျောက်ပန်းတောင်း စက်တင်ဘာ ၁၂

ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်ပေါင်းစုံ အခြေခံမီးသတ်သင်တန်းဆင်းပွဲကို ဩဂုတ် ၂၅ ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်မီးသတ်ဝန်ထမ်းများ၊ မြို့ပေါ် ၁၂ ရပ်ကွက်မှ ဥက္ကဋ္ဌများနှင့်နယ်မြေမှူးများ၊အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ရပ်ကွက်ပေါင်းစုံ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအဖွဲ့မှ အခြေခံ မီးသတ်နည်းများကို သရုပ်ပြသင်ကြားလျက် သင်တန်းဆင်းပွဲကို ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးချစ်စိန်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်သူ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ဝ၆၁)**

မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေး ဓာတ်မြေဩဇာ လက်တွေ့ပက်ဖျန်း သရုပ်ပြ

ပင်လည်ဘူး စက်တင်ဘာ ၅

ကသာခရိုင် ပင်လည်ဘူးမြို့နယ်တွင် ၂၀၀၇–၂၀၀၈ ခုနှစ် မိုးစပါး ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် ဓာတ်မြေဩဇာ၊ ဒေသမြေဩဇာနှင့် ရောစပ်သုံးစွဲခြင်း၊ ဇီဝစူပါရွက်ဖျန်း မြေဩဇာရည် ပက်ဖျန်းခြင်း သရုပ်ပြပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက်က ရွာသာယာ အုပ်စုကွင်းအမှတ် ၁၇၀၈ တောင်သူ ဦးထွားမောင်၏ ဆင်းသွယ်လတ် စပါးစိုက်ခင်းတွင် ကျင်းပသည်။

ဆောင်ရွက်

သရုပ်ပြပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမင်းလွင်ဦး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးအောင်ကြည်ဝင်းနှင့် ဝန်ထမ်းများ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်မြင့်၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တောင်သူဦးကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာက ဓာတ်မြေဩဇာသုံးစွဲခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများက ဓာတ်မြေဩဇာရောစပ် သုံးစွဲရေးကို လက်တွေ့ပက်ဖျန်း သရုပ်ပြကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပန်းအလှစိုက်ပျိုး မြေယာရှုခင်းအလှပြုပြင်

ကလော စက်တင်ဘာ ၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညိုဝင်းသည် ဩဂုတ် ၈ ရက်က မောမြေဦး ပန်းခြံအတွင်း ပန်းအလှပင် စိုက်ပျိုးခြင်းနှင့် မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ ဒေါ်သိမ့်သိမ့်တင့်တို့က လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။ **(၄၀၈)**

စိတ်ချမ်းမြေ့လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး မြင်းခြံမြို့ ပိတောက်လမ်း ကျောက်ချောခင်း

မြင်းခြံ စက်တင်ဘာ ၁၅

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပြည်သူများ စိတ်ချမ်းမြေ့လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် မြို့တွင်းလမ်းများ ကောင်းမွန်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်သည် စက်မှုဇုန်ရပ်ကွက် ပိတောက်လမ်း ကျောက်ချော ခင်းခြင်းကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးကျော်သူအောင်နှင့် လက်ထောက် အင်ဂျင်နီယာ ဒေါ်မြင့်ဝင်းတို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်မည်

အဆိုပါလမ်းမှာ အရှည်ပေ ၁၃၅၀၊ အကျယ် ၁၂ ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ် ၃၃သိန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တာမိုးညဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက်က မန်ရင်စုစည်းအမက ကျောင်း၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မြသက်အေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတိန်ရှိစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်အေးမြင့်ခိုင်က မြို့ပြလမ်း၊ နိဗ္ဗာန်လမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

❒ *ကျောဖုံးမှ*

ထပ်မံကြေညာ ဖျောင်းဖျ

ဆူးလေစေတီတော်အနီးရှိ တာဝန်ကျလုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါ လူအုပ်ကြီးအား ရှေ့ဆက်တိုးခြင်းမပြုရန်၊ အေးဆေးစွာဖြင့်လူစုခွဲကြရန် အသံချဲ့စက်များဖြင့် ဖျောင်းဖျပြောဆိုခဲ့သည်။ သို့သော်ဆန္ဒပြလူအုပ်စုသည် ဖျောင်းဖျတားဆီးနေသော လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ခဲများ၊ လေးခွများ၊ တုတ်များဖြင့် ပစ်ပေါက်ပြီး ဩဘာသံပေးအော်ဟစ်ကာ လူအုပ်ဖြင့် ဝင်စီးခဲ့သည်။ သို့ပါ၍ လုံခြုံရေးဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များသည် ပထမစည်းမှ ဒုတိယစည်းသို့ ဆုတ်ခွာခဲ့ပြီး အကြမ်းဖက်ခြင်းမပြုရန်၊ အေးဆေးစွာလူစုခွဲရန် အသံချဲ့စက်ဖြင့် ထပ်မံကြေညာဖျောင်းဖျခဲ့သည်။ သို့ရာတွင် ဆန္ဒပြလူအုပ်စုသည် နာခံခြင်းမရှိဘဲ ဒုတိယစည်းရှိ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ဒုတိယအကြိမ် ခဲ၊ လေးခွများဖြင့်ပစ်ကာ လူအုပ်ဖြင့်ဝင်စီးခဲ့သည်။ တစ်ပြိုင်တည်းပင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ ဆိုင်ကယ်နှစ်စီးကို လုယူမီးရှို့ဖျက်ဆီးခဲ့သည်။ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များထံမှ လက်နက်များကို အတင်းတိုးဝင်လုယူရန် ကြိုးစားခဲ့သည်။ ထိုသို့သော အကြမ်းဖက်လာသည့် အခြေအနေများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မတတ်သာတော့သည့်အခြေအနေကြောင့် အတင်းဝင်ရောက်တိုက်ခိုက် အကြမ်းဖက်သော ဆန္ဒပြလူအုပ်စုအတွင်းသို့ အနည်းဆုံးအင်အားသုံးပြီး ပစ်ခတ်လူစုခွဲခဲ့ရသည်။ ထိုသို့ ပစ်ခတ်လူစုခွဲမှုကြောင့် ဆန္ဒပြလူအုပ်စုမှာ လူစုကွဲသွားခဲ့သည်။ အဆိုပါဖြစ်စဉ်တွင် မိမိဘက်မှ ဆိုင်ကယ်နှစ်စီး မီးရှို့ဖျက်ဆီးခံရပြီး ရဲအရာရှိကြီးနှစ်ဦးအပါအဝင် ရဲတပ်ဖွဲ့ဝင်ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ကုသပေးလျက်ရှိ

အကြမ်းဖက် ဆန္ဒပြလူအုပ်စုအတွင်းမှ အမည်မသိ အသက် ၃၀ခန့် အမျိုးသားတစ်ဦး သေဆုံးပြီး၊ အမှတ် ၃၅၉ အနော်မာလမ်း (၉၃) ရပ်ကွက် ဒဂုံဆိပ်ကမ်းမြို့နယ်နေ အဖ ဦးလှထွန်း၏သား ဟန်လင်းထွန်း ယာဘက်ပေါင်တွင်လည်းကောင်း၊ အမှတ် ၂၀၁ အခန်း ၃၀၁ ဘုရားလမ်း ကမာရွတ်နေ အဖ ဦးထွန်းမြင့်၏သား ဝင်းထွဋ် အသက်(၂၇) နှစ်၏ ယာဘက်တင်ပါးတွင်လည်းကောင်း၊ အမှတ် ၁၉ ကျောင်းလမ်း ရွှေပြည်သာနေ ဖြူဖြူဝင်း အသက် ၄၇နှစ်၏ ဝဲဘက်ရင်အုံနှင့် ဝဲဘက် လက်ဖျံတို့တွင် လည်းကောင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၎င်းထိခိုက် ဒဏ်ရာရရှိသူများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တင်ပို့ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာကုန်းမြေ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသော ဘော်သာဆင်းတုတော်မြတ်ကြီးအား ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ရောင်ခြည်တော် မီးစက်ဝိုင်းကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးနိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဦးသုမင်္ဂလ (တက္ကသီလ မဟာဓမ္မာစရိယ M.A. Buddhism)နှင့် ဒါယကာ ဒါယိကာမများကလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် အလှည့်ကျသဘာပတိ ဦးစောကြိုင်၊ ဦးလှမင်း၊ ဦးစိန်ဦးတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။
(က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်း **ဝိပဿနာတိုက်သစ်ကြီး၏ မဟာရံ တံတိုင်းဆောက်လုပ်ပြုပြင်ရန်အတွက် နှစ်ဖက်သောမိဘများကိုအမှူးထားလျက် အစ်မဒေါ်သက်သက်ဦး၊ အစ်ကို ကိုစိုးလှိုင်၊ ကိုခင်မောင်ချိုတို့အား ရည်စူး၍ ကိုစိုးပိုင်-မနီလာဌေး၊ သမီး မေမျိုးသက်ပိုင်မိသားစုတို့က မဟာရံ တံတိုင်းတစ်ခန်းအတွက် အလှူငွေကျပ်သုံးသိန်းကို နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။**
(က-ပ)

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲဆက်

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၀၇ ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု မော်လမြိုင်ဇုန်၌ ကျင်းပသောပြိုင်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ခုနစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု ပုသိမ်ဇုန်၌ အမှတ်(၇၇)ခြေမြန်တပ်မ ဌာနချုပ်အသင်းက အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု မုံရွာဇုန်၌ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု မန္တလေးဇုန်၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်အသင်းကို ၁၇ ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု တောင်ငူဇုန်၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အမှတ် (၃၃)ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

၂၆ - ၉ - ၂၀၀၇ ကိုထွေး - စုစည်းတင်ဆက်သည်

အာရှ(ယူ-၁၉)အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာ(ယူ-၁၉)အမျိုးသမီးအသင်းယှဉ်ပြိုင်မည်

အာရှဘောလုံးအဖွဲ့ချုပ်(AFC)က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် အာရှ အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ (AFC U-19 Women's Championship 2007)ကို တရုတ်နိုင်ငံ ချွမ်ချင်းမြို့၌ အောက်တိုဘာ ၅ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ ခြေစစ်ပွဲအောင်မြင်ထားသော အသက်(၁၉)နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ရေးဆွဲထား

အုပ်စုပွဲစဉ် ရေးဆွဲထားမှုအရ အုပ်စု (က)တွင် မြောက်ကိုရီးယားအသင်း၊ ဂျပန်အသင်း၊ ဩစတြေးလျအသင်းနှင့် မြန်မာအသင်း၊ အုပ်စု(ခ)တွင် အိမ်ရှင်တရုတ်အသင်း၊ တောင်ကိုရီးယားအသင်း၊ တရုတ်(တိုင်ပေ)အသင်းနှင့် ထိုင်းအသင်းတို့ ပါဝင်ကြသည်။

တာဝန်ယူဆောင်ရွက်

၂၀၀၇ခုနှစ် အာရှ(ယူ-၁၉) အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ(ယူ-၁၉)အမျိုးသမီး ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဌေးအောင် (ကျောင်းအုပ်ကြီး၊ အားကစားနှင့်ကာယပညာသိပ္ပံ၊ မန္တလေး)၊ အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြများအဖြစ် ဦးဝင်းမြင့်သွင် (မြို့တော်စည်ပင်)နှင့် ဦးအုန်းကြိုင်(စက်မှု-၁)၊ အတွင်းရေးမှူးအဖြစ် ဒေါ်မိမိမော်(အား/ကာ ဦးစီးဌာန)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာမော်လီချစ်(အား/ကာဦးစီးဌာန)တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

ပါဝင်ကြ

အသက်(၁၉)နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအားကစားသမားများအဖြစ် **(ဂိုး)** သင်းသင်းစိုး(ပို့ဆောင်ရေး)၊ ခင်ခင်မူ(ပြည်ထဲရေး)၊ **(နောက်တန်း)** စုစုထွန်း၊ ရွှေစင်အောင် (စက်မှု-၁)၊ အေးအေးခိုင်(ပြည်ထဲရေး)၊မြင့်မြင့်အေး(ပို့ဆောင်ရေး)၊ အေးအေးမာ၊ ခင်မျိုးဝင်း၊ ဆုမွန်အောင်၊ ဇင်မာဝင်း(အား/ကာ သိပ္ပံ၊ မန္တလေး)၊ **(အလယ်တန်း)** မေသက်ဖြူ၊ နီလာမြင့်၊ ခင်မိုးဝေ(ပြည်ထဲရေး)၊ စုငြိမ်းအေး (ပို့ဆောင်ရေး)၊ သီရိမြတ်၊ နန်းနှင်းနှင်းအေး (အား/ကာသိပ္ပံ၊ မန္တလေး)၊**(ရှေ့တန်း)**မူမူလွင်(ပို့ဆောင်ရေး)၊ ခင်မာလာထွန်း(အား/ကာသိပ္ပံ၊ မန္တလေး)၊ နော်အားလိုဝါးဖော (အား/ကာသိပ္ပံ၊ ရန်ကုန်)တို့ ပါဝင်ကြသည်။

ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ တပ်မတော်(ရေ)အသင်း ဦးဆောင်နေ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၇ရက်က စတင်ယှဉ်ပြိုင်ကစားခဲ့ရာ စက်တင်ဘာ ၂၀ ရက် ပွဲစဉ်များအပြီးတွင် တပ်မတော်(ရေ) အသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ထိပ်ဆုံးမှဦးဆောင်

အမှတ်(၂)လျှပ်စစ်စွမ်းအား၊ တပ်မတော်(ရေ)၊ Air Baganနှင့် တပ်မတော်(လေ)အသင်းတို့ သုံးမှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်အရ တပ်မတော်(ရေ)အသင်း ထိပ်ဆုံးမှ ဦးဆောင်နေခြင်းဖြစ်သည်။

ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက်မှ စတင်၍ ရပ်နားထားပြီး ပြန်လည်ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်မည်

၂၀၀၇ ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၏ ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၂၉ရက် နံနက် ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဂေါက်ကွင်း၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

၂၀၀၇ ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်း၊ ခဝဲခြံမျက်မမြင်ကျောင်းအသင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ ရန်ကုန်မြို့တော်စည်ပင်အသင်း၊ မန္တလေးတိုင်းအသင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ ဒေဒရဲအသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ယှဉ်ပြိုင်ကစားခဲ့

အဆိုပါပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ၂၂ရက်က အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့ပြီး ပြေးခုန်ပစ်ပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲတို့ကို သက်ဆိုင်ရာ အားကစားကွင်း၊ အားကစားရုံများ၌ စက်တင်ဘာ၂၂ရက်မှ ၂၅ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အားကစားအဖွဲ့အတွက် အလှူငွေများပေးအပ်လှူဒါန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟဲမြို့၌ စက်တင်ဘာ ၂၈ရက်မှ အောက်တိုဘာ ၁၂ရက်အထိကျင်းပမည့် ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် မြန်မာ့ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့အား အမှာစကား ပြောကြားခြင်းနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ၌ကျင်းပသည်။

အမှာစကား

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများနှင့် တစ်ဦးချင်းမိတ်ဆက်ပေးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးမျိုးမြင့် (အငြိမ်းစား)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာ့ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စေတနာရှင်အလှူရှင် ၃၀တို့၏ လှူဒါန်းငွေကျပ် ၁၅၆၃၀၀၀၀၊ အမေရိကန် ဒေါ်လာ ၁၈၆၃နှင့် FEC ၆၁၃တို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့် (အငြိမ်းစား)နှင့် မြန်မာနိုင်ငံဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ဘဏ္ဍာရေးမှူး ဦးအောင်နိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၉-၂၀၀၇ (ကြာသပတေးနေ့)

AM&PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	ယဉ်ယဉ်ကျေးကျေး တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်)
၈း၀၀ - ၂း၀၀	ဆင်ဖြူတောင်မှ (၁၀၈)တောင်
၈း၂၅ - ၂း၂၅	တေးဂီတအစီအစဉ်
၈း၃၀ - ၂း၃၀	ပြည်တွင်းအနုပညာရေးရာ
၉း၀၀ - ၃း၀၀	ငါးရစ်မျိုးငါး--- တို့မစား (ဇော၊ ခိုင်သင်းကြည်) (ဒါရိုက်တာ- ရဲဝင်းနီ)
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	Good Health (ကျန်းမာရေးပညာပေး ဟောပြောပွဲ) (အပိုင်း-၁) (ဒေါက်တာ ရဲမြင့်ကျော်)
၉း၅၅ - ၃း၅၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၀း၀၀- ၄း၀၀	ပတ်ဝန်းကျင်ကို အလှဆင်နေသော ရောင်စုံကွန်ကရစ်အုတ်ဘလောက်တုံးလေးများ
၁၀း၁၀ - ၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅	မြန်မာစာ၊ မြန်မာစကား
၁၀း၃၅- ၄း၃၅	သင်ယူလေ့လာဂီတပညာ (ကိုစိုင်း) (အပိုင်း-၈)
၁၀း၅၀ - ၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅ - ၄း၅၅	ချောင်းမကြီး (မြို့လှရေလှောင်တမံ)
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀- ၅း၂၀	ပြည်တွင်းမှာပင် ထုတ်လုပ်သည် နိုင်ငံတကာစံချိန်မီ
၁၁း၃၀ - ၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅ - ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀ - ၅း၄၀	VJ Choice
၁၂း၁၀ - ၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅ - ၆း၁၅	ပြည်သူ့အတွက် EMS
၁၂း၂၅- ၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀- ၆း၃၀	စားချင်စဖွယ် နည်းအသွယ်သွယ် (ဂျပန်ရေညှိထမင်းလိပ်ပြုလုပ်နည်း)
၁း၀၀- ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

စပါးနည်းပြအဖြစ်မှ မာတင်ဂျိုးလ် နုတ်ထွက်တော့မည်လော

ပရီမီယာလိဂ်၌ ယခုနှစ်တွင် ဒုတိယမြောက် နုတ်ထွက်မည့် နည်းပြ မာတင်ဂျိုးလ်။

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် စက်တင်ဘာ ၂၆

ပရီမီယာလိဂ် ဘောလုံးပွဲစဉ်တွေက ပရိသတ်ရင်ကို ဖမ်းစားနိုင်သလို ဘောလုံးသမားတွေ၊ နည်းပြတွေရဲ့ အဖြစ်အပျက်တွေကလည်း ခံစားမှုအသစ်တွေအဖြစ် စိတ်ဝင်စားဖွယ် ဖြစ်လို့နေတာမို့ ပရီမီယာလိဂ်ဟာ ရသမျိုးစုံကို ခံစားနိုင်တဲ့ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ကားကို ကြည့်နေရသလို ဖြစ်နေပါတယ်။

ဒီနှစ်ပရီမီယာလိဂ်မှာ ပထမဆုံး နုတ်ထွက်သွားတဲ့ နည်းပြကတော့ နာမည်ကြီး ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုဖြစ်ပြီး အားကစား မီဒီယာလောကကို ပွက်လောထအောင် လှုပ်ခတ်သွားစေခဲ့ပါတယ်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟို ထွက်သွားပြီးနောက်ပိုင်း အခုတစ်ခါ နုတ်ထွက်မယ့် နည်းပြ နောက်တစ်ဦးကတော့ စပါးနည်းပြ မာတင်ဂျိုးလ်ပဲ ဖြစ်ပါတယ်။

စိတ်ပျက်စရာ

စပါးနည်းပြ မာတင်ဂျိုးလ်ဟာ ဒီနှစ် ပရီမီယာလိဂ် ပွဲစဉ်တွေ စတင်ကစားကတည်းက ပွဲရလဒ်တွေ မကောင်းလို့ ဝေဖန်ပြစ်တင်ခံနေရသူပါပဲ။ ပရီမီယာလိဂ်ပွဲစဉ် ခုနစ်ပွဲ ကစားပြီးတဲ့အခါ စပါးအသင်းရလဒ်တွေက အနိုင်တစ်ပွဲသာ ရရှိနေပြီး သရေနှစ်ပွဲနဲ့ ရှုံးပွဲလေးပွဲ ဖြစ်နေတာမို့ စပါးအသင်းဥက္ကဋ္ဌ ဒန်နီယယ်လီဗိုင်း စိတ်ပျက်နေတာ ဖြစ်ပါတယ်။ ဒါဘီအသင်းကို လေးဂိုးပြတ် သွင်းနိုင်ခဲ့ပြီး တစ်ပွဲသာ ခြေစွမ်းပြနိုင်ခဲ့၍ ကျန်ပွဲစဉ်တွေအားလုံး သရေနဲ့ အရှုံးတွေချည်းပဲ ဖြစ်ခဲ့တာမို့ စပါး ဥက္ကဋ္ဌ ဒန်နီယယ်လီဗိုင်းအနေနဲ့ နည်းပြ မာတင်ဂျိုးလ်အပေါ် စိတ်ပျက်မယ် ဆိုလည်း စိတ်ပျက်စရာပါပဲ။

ကျဆင်းနေ

စပါးအသင်းမှာ ကစားသမားကောင်းတွေရှိပေမယ့် မာတင်ဂျိုးလ် ကောင်းကောင်း အသုံးမချနိုင်ဘူးလို့ စပါးအသင်း အမှုဆောင်လူကြီးတွေကလည်း သုံးသပ်နေပါတယ်။ စပါးအသင်းက ပရီမီယာလိဂ်မှာ ခုနစ်ပွဲကစားပြီးချိန်၌ တန်းစီဇယားမှာ အဆင့် ၁၈နေရာ ရောက်နေတာမို့ တန်းဆင်းဇုန်ထဲ ကျဆင်းနေပြီ ဖြစ်ပါတယ်။

ကြိုးစားခဲ့

ဒီအတိုင်းသာ ဆက်သွားရင် စပါးအသင်း တန်းမဆင်းသွားနိုင်ဘူးဆိုတာ မပြောနိုင်တာမို့ စပါးနည်းပြ မာတင်ဂျိုးလ်ကို နောက်ထပ် ၁၀ပွဲ စောင့်ကြည့်မယ်လို့ သတိပေးထားပြီး ဖြစ်ပါတယ်။ ဒီအချိန်မှာ မော်ရင်ဟိုက ချယ်လ်ဆီးအသင်းက နုတ်ထွက်လိုက်တာကြောင့် စပါးအသင်းဟာ မော်ရင်ဟိုကို နည်းပြအဖြစ် အစားထိုးခန့်အပ်ဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။

သက်တမ်းရှည်

စပါးအသင်းပိုင်ရှင် ဒန်နီယယ်လီဗိုင်းက မော်ရင်ဟို သူ့အသင်းကို နည်းပြအဖြစ် တာဝန်ယူပေးရင် တစ်နှစ်လုပ်ခ ပေါင်ငွေငါးသန်းပေးမယ်လို့ ဈေးခေါ်ထားပေမယ့်လဲ မော်ရင်ဟို လက်မခံခဲ့လို့ မာတင်ဂျိုးလ် စပါးအသင်းမှာ နည်းပြအဖြစ် နည်းနည်း သက်တမ်းရှည်နေတာပါပဲ။

မခံစားနိုင်တော့

ဒါပေမယ့် အခု ပရီမီယာလိဂ် ပွဲစဉ်(၇)မှာ ဘော်လ်တန်ကို တစ်ဂိုးစီ သရေကျခဲ့ပြန်တာကြောင့် ဝေဖန်အပြစ်တင်မှုတွေကို မခံစားနိုင်တော့တာနဲ့ မာတင်ဂျိုးလ်လည်း စပါးအသင်းက နုတ်ထွက်တော့မယ်လို့ ပြောကြားလိုက်ပြီ ဖြစ်ပါတယ်။

ပါဝင်ကစားခဲ့

အသက် ၅၁နှစ်ရှိပြီဖြစ်တဲ့ နည်းပြ မာတင်ဂျိုးလ်ဟာ နယ်သာလန်နိုင်ငံသားဖြစ်ပြီး နည်းပြအဖြစ် အောင်မြင်ခဲ့တာကတော့ ဒတ်ချ်ဖလားကို ၁၉၉၇ ခုနှစ်က ရရှိခဲ့ပြီး ၁၉၉၆ခုနှစ်က ဒတ်ချ်လိဂ်ဖလားကို ရရှိခဲ့တာပဲ ဖြစ်ပါတယ်။ မာတင်ဂျိုးလ်က ၁၉၈၀ ပြည့်နှစ်က အင်္ဂလန်အသင်းတစ်သင်းဖြစ်တဲ့ ဝက်စ်ဘရွမ်းမှာ ပါဝင်ကစားခဲ့တဲ့ ဘောလုံးသမားတစ်ဦးဖြစ်ခဲ့သူပါပဲ။

စပါးအသင်းကို နည်းပြအဖြစ် ၂၀၀၄ခုနှစ်က စတင်ကိုင်တွယ်ခဲ့ပြီး အဲဒီနှစ်တွေမှာ စပါးအသင်း အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ မာတင်ဂျိုးလ်ဟာ ခေါင်းမာတဲ့နည်းပြတစ်ဦးဖြစ်ပြီး ဘောလုံးပွဲစဉ် အတော်များများကို သူ့ စိတ်တိုင်းကျ ခင်းကျင်းကစားခဲ့တာပဲ ဖြစ်ပါတယ်။

ဖန်တီးစေခဲ့

ဒါပေမယ့် ဒီနှစ် ပရီမီယာလိဂ် ပွဲစဉ်တွေဖြစ်တဲ့ အဲဗာတန်အသင်းကို အိမ်ကွင်းမှာ ရှုံးခဲ့တာနဲ့ ပွဲစဉ်(၇)မှာ ဘော်လ်တန်ကို တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့တာတွေက မာတင်ဂျိုးလ်ကို အသင်းက နုတ်ထွက်စေအောင် ဖန်တီးစေခဲ့တာလည်း ဖြစ်ပါတယ်။

ဖြစ်လာတော့မည်

အခုတော့ မာတင်ဂျိုးလ် နုတ်ထွက်ဖို့ တရားဝင်ပြောကြားထားပြီဖြစ်လို့ စပါးအသင်းက တာဝန်ရှိသူတွေလည်း နည်းပြ ရှာဖွေနေကြပါပြီ။ လောလောဆယ် ရေပန်းစားနေတာက ဆီဗီလာ အသင်းနည်းပြ ရာမို့စ်က မာတင်ဂျိုးလ် နေရာကို ယူမယ်လို့ ပြောကြားနေပါတယ်။ ဒါကြောင့် အခု မာတင်ဂျိုးလ် နုတ်ထွက်ခဲ့ရင်တော့ ဒီနှစ်ပရီမီယာလိဂ်ရဲ့ ဒုတိယမြောက် နုတ်ထွက်တဲ့ ပရီမီယာလိဂ်နည်းပြ ဖြစ်လာတော့မှာ ဖြစ်တဲ့အကြောင်း ရေးသားလိုက်ရပါတယ်။ ။ **(ကိုးကား-အင်တာနက်)**

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

ချယ်လ်ဆီး ကွင်းလယ်ကစားသမား မီခေးလ် မန်ယူနှင့်ကစားစဉ်ရသော အနီကတ်ဖြင့် သုံးပွဲပယ်ခံရ

လန်ဒန် စက်တင်ဘာ ၂၆

ချယ်လ်ဆီးအသင်းမှ မီခေးလ်သည် စက်တင်ဘာ ၂၃ရက်က မန်ယူနှင့်ကစားစဉ် ရရှိခဲ့သော အနီကတ်အတွက် ပယ်ဖျက်ပေးရန် မေတ္တာရပ်ခံချက်ကို အက်ဖ်အေက ပယ်ချလိုက်ခြင်းကြောင့် သုံးပွဲအပယ်ခံရမည်ဖြစ်သည်။

ထုတ်ပယ်

အဆိုပါ ကွင်းလယ်ကစားသမားသည် ထိုနေ့က မန်ယူကစားသမား အီဗရာအားပထမပိုင်းတွင်ကြမ်းတမ်းစွာ ကစားခဲ့သဖြင့် ဒိုင်လူကြီး မိုက်ဒီန်က တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်လိုက်သည်။

မီခေးလ်(ဝဲအောက်)**က အီဗရာအား ဤသို့ကြမ်းတမ်းစွာ ကစားခဲ့သည်။**

(ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီးနည်းပြ အဗရန့်ဂရန့်က ၎င်းအနေဖြင့် စိတ်ပျက်မိသလို အံ့အားလည်းသင့်မိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ မီခေးလ်သည် ယင်းပွဲပယ်ခံရသဖြင့် ပြည်တွင်းပွဲများ ဖြစ်သည့် ကားလင်းဖလားတစ်ပွဲနှင့် ပရီမီယာလိဂ်နှစ်ပွဲအပိတ်ခံရမည်ဖြစ်သည်။ ပရီမီယာလိဂ်တွင်ဖုလ်ဟမ်၊ ဘော်လ်တန်အသင်းတို့နှင့် ယှဉ်ပြိုင်ရာတွင် ပါဝင်ကစားနိုင်မည် မဟုတ်ပေ။

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် မီခေးလ်အားပြသည့် အနီကတ်ကို ဒိုင်လူကြီးထံမှ လုယူခဲ့မှုဖြင့် အရေးယူခံရဖွယ်ရှိသည်ဟု ဆိုသည်။ **(အင်တာနက်)**

ဟဲဗီးဝိတ် ချန်ပီယံဟောင်း မိုက်တိုင်စန် မူးယစ်ဆေးဝါးမှု ကျူးလွန်ကြောင်း ဝန်ခံ

နယူးယောက် စက်တင်ဘာ ၂၆

ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဟောင်း မိုက်တိုင်စန်သည် မူးယစ်ဆေးဝါး လက်ဝယ်ပိုင်ဆိုင်မှုဖြင့် အပြစ်ရှိကြောင်း ဝန်ခံပြောကြားလိုက်သည်။

ဟဲဗီးဝိတ်ချန်ပီယံဟောင်း မိုက်တိုင်စန်။

(ဓာတ်ပုံ-အင်တာနက်)

အဖမ်းခံရ

၎င်းသည် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလက အရီဇိုးနား ပြည်နယ် ညကလပ်တစ်ခု၌ မူးယစ်ဆေးဝါးများ လက်ဝယ်ပိုင်ဆိုင်မှုဖြင့် အဖမ်းခံလိုက်ရသည်။

ဖြစ်လာ

အသက် ၄၁ နှစ်ရှိ မိုက်တိုင်စန်သည် ဖန်နဝါရီလက ကြားနာစစ်ဆေးခဲ့ရာတွင် ယင်းတရားစွဲဆိုမှုကို ငြင်းဆိုခဲ့သည်။ ၎င်းသည်၁၉၉၂ ခုနှစ်က မုဒိမ်းမှုဖြင့် ထောင်သုံးနှစ်ကျခဲ့သည်။ ယင်းနောက် ၁၉၉၉ခုနှစ်က လူနှစ်ဦးအား ကားဖြင့်ဝင်တိုက်မှုဖြင့် ထောင်ကျခဲ့ပြန်သည်။ ယခု နောက်ဆုံးဖြစ်ခဲ့သော မူးယစ်ဆေးဝါးအမှုကြောင့် မိုက်တိုင်စန်သည် ထောင်လေးနှစ်ကျော်ကျနိုင်သည်ဟု ဆိုသည်။ မိုက်တိုင်စန်သည် ၁၉၈၆ ခုနှစ်က အသက်အငယ်ဆုံး ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာခဲ့သည်။

ပြစ်ဒဏ်ခံရ

ထိုအချိန်တွင် ၎င်းသည် အသက် ၂၀သာ ရှိသေးသည်။ ယင်းအမှုဖြင့် မိုက်တိုင်စန်သည် နိုဝင်ဘာ ၁၉ ရက်တွင် ပြစ်ဒဏ်စီရင်ခံရမည် ဖြစ်သည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ မြင့်မောင်စိုး

ကားလင်းဖလား တတိယအကျော့ပြိုင် တောရက်စ်၏ ဟက်ထရစ်ဂိုးဖြင့် လီဗာပူးအနိုင်ရ

လန်ဒန် စက်တင်ဘာ ၂၆

လီဗာပူးအသင်းနှင့် ရက်ဒင်းအသင်းတို့ စက်တင်ဘာ ၂၅ရက်က ကားလင်းဖလား တတိယအကျော့ ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ဖာနန်ဒိုတောရက်စ်က လီဗာပူးအသင်းအတွက် ပထမဆုံးအကြိမ် ဟက်ထရစ် ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ချေပဂိုးသွင်းနိုင်

စပိန်တိုက်စစ်မှူး တောရက်စ်သည် ဘီနာယွန်း ဂိုးသွင်းယူပြီးနောက် ဒုတိယပိုင်းတွင် သုံးဂိုးစလုံးကို သွင်းယူပေးနိုင်ခဲ့သည်။ ဘီနာယွန်း လီဗာပူးအသင်းအတွက် ဂိုးသွင်းယူပြီးနောက် ဘော်ဗီကွန်ဗေးက ရက်ဒင်းအသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။

ပွဲချိန် ၆၄ မိနစ်တွင် ဟေးစ်က ရက်ဒင်းအသင်းအတွက် ဒုတိယဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပွဲအပြီး လီဗာပူးက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ (အင်တာနက်)

အအေးမိ၊ တုပ်ကွေး၊ ဖျားနာ ပျောက်ဆေး၏ ဖလူဇာ ထီးမေတ္တာလက်ဆောင်အစီအစဉ်အား အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ထပ်မံတိုးမြှင့်လိုက်ပါသည်။

ဖလူဇာ

ရန်ကုန်စာတိုက်သေတ္တာအမှတ်၉၀၅သို့ ဖလူဇာကတ်ခွံ (၃) ခုနှင့်အမည်၊
မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ တို့ကိုရေးပို့လိုက်ရုံနဲ့
ထီးလှလှလေးတစ်လက် ပိုင်ဆိုင်နိုင်ပါပြီ။



လစဉ်ပထမဆုံးရောက်ရှိလာသော အမည် (၅၀၀) အား
ဖလူဇာထီးအလက် (၅၀၀) မေတ္တာလက်ဆောင်အဖြစ် ပြန်လည်ပေးပို့ပါမည်။

(၁၀)နှစ်ပြည့် မင်္ဂလာရက်မြတ်ဆုမွန်လွှာ

ရန်ကင်းမြို့နယ် ဘောက်ထော်ပြည်သာယာ စွန်းလွန်းဂူကျောင်းလမ်းသွယ်(၁) ခြံအမှတ် ၃ နေ ကိုကျော်လွင်(ညောင်လေးပင်)နှင့် မအိသူဇာမြင့် (ကော့သောင်) တို့၏ ၂၇-၉-၂၀၀၇ ရက်တွင် ကျရောက်သည့် (၁၀)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သား၊ ချစ်သမီးတို့နှင့် ရာသက်ပန် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် လောကီလောကုတ္တရာ နှစ်ဖြာကောင်းကျိုး ဆောင်ရွက်ရင်း ဘဝတစ်လျှောက်လုံး ထာဝရလက်တွဲ ပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဘဘ – **ဦးဝင်းမြင့် (အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်၊ ကော့သောင်မြို့)**
မယ်မယ် – **ဒေါ်ဖြူဖြူဝင်း**
မောင်လေး – **နေလင်းမြင့် (အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်၊ ကော့သောင်မြို့)**
ချစ်သမီးကြီး – **ဖူးစဟန် (a) Honey [Grade-V(K), T.T.C၊ ကမာရွတ်မြို့နယ်]**
ချစ်သား – **ကျော်တေဇ (a) Sunny[Pre-I SEC(A)ILBC]**
ချစ်သမီးငယ် – **အိမွန်ကျော် (a) Sweety**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဝင်းဌေး ကိုင်ဆောင်ထားသော Zan' Company Limited ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
ဖုန်း–၅၁၂၂၆၅။

ချစ်ဇနီး "ထား"အတွက် မွေးနေ့ဆုတောင်း

၂၇-၉-၂၀၀၇ ရက်တွင် ကျရောက်သည့် ချစ်ဇနီး **"ထား"**မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ကိုဇော်နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝလေး ပိုင်ဆိုင်နိုင်ပါစေ။

ထားရဲ့ထာဝရ ကိုဇော်။

ကားအမြန်ရောင်းမည်

Taxi (CNG)
တိုယိုတာ ကိုရိုလာ
GL 1.3 ဆလွန်း
ဘ/––– ၈၂
ဖုန်း–၅၀၅၃၂၅။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဇော်မျိုးဦး ၅/ခဥန(နိုင်) ၀၉၇၃၆၅ နိုင်ငံကူးလက်မှတ်အမှတ် 966841 ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၁–၅၁၁၅၇၅။

ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန

၁၃၇၀ပြည့်နှစ်၊ မဟာသင်္ကြန်စာ ရိုက်နှိပ်ဖြန့်ချိရေး တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့က ရေးသားပြုစုသော ၁၃၇၀ပြည့်နှစ်အတွက် မဟာသင်္ကြန်စာကို အများပြည်သူဖတ်ရှုလေ့လာနိုင်ရန်အတွက် ထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်ရာ ယင်းထုတ်လုပ်ဖြန့်ချိခွင့်ကို ပြည်ထောင်စုမြန်မာနိုင်ငံသားများအား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ကိုယ်စားလှယ်ရွေးချယ်ပေးအပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
၂။ ချိပ်ပိတ်တင်ဒါစည်းကမ်းနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်နေ့ ၂၉-၉-၂၀၀၇ ရက်မှ ၃-၁၀-၂၀၀၇ရက်အထိ (ရုံးချိန်အတွင်း)။
၃။ ချိပ်ပိတ်တင်ဒါဈေးနှုန်း တင်သွင်းလွှာနောက်ဆုံးတင်သွင်းရမည့်နေ့/အချိန်–၁၀-၁၀-၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀ နာရီ။
၄။ ချိပ်ပိတ်တင်ဒါစည်းကမ်းနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်နေရာ–အနုပညာဦးစီးဌာန ရုံးအမှတ်(၃၅)၊ နေပြည်တော်။
၅။ တင်ဒါပုံစံတစ်စုံလျှင် ငွေကျပ်၅၀၀၀ဖြင့် ရောင်းချပါမည်။
၆။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–

ရုံးချိန်အတွင်း (၁) ၀၆၇-၄၀၈၀၃၄၊
(၂) ၀၆၇-၄၀၈၀၃၇၊
(၃) ၀၆၇-၄၀၈၁၆၆။

အနုပညာဦးစီးဌာန၊ ရုံးအမှတ်(၃၅)၊ နေပြည်တော်။

ထူးချွန်
စီးပွားရေးပညာ အထောက်အကူပြု သင်တန်း
ECO/BM ပ၊ ဒု၊ တ Sat/Sun လပြတ် 29/10/07 ဖမည်
ဆရာအောင်အောင် B.A Econ; MPA; D.A (UK); Dip in Stats; DMAc
အမှတ်-၃၇၈၊ ဒုထပ်(ဘယ်)၊ မဟာဗန္ဓုလလမ်း (၃၇ လမ်း နှင့် ၃၈ လမ်းကြား)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၀၁၃၀၀၂၊ ၃၉၁၀၃၀၊ ၀၉၅၁၁၂၉၇

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၆

မြန်အောင်မြို့နယ် သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို မျှင်ဝါးတောင်ကျေးရွာ အမက မူလွန်ကျောင်းတွင် ဩဂုတ် ၁၃ ရက်က ကျင်းပရာ မျှင်ဝါးတောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတက်တိုးမှ သစ်တောသစ်ပင်များရှိခြင်း၏အကျိုးကျေးဇူးများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများ အကြောင်းနှင့် မြို့နယ်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များရှင်းလင်းအသိပညာပေး ဟောပြောခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

KMD Since 1986 Computer Centre
သင်တန်းအပ် လက်ခံနေပါပြီ။

ကွန်ပျူတာစာစီ/စာရိုက်လုပ်ငန်းများအတွက်
Desktop Publishing Course
[Duration 80 Hours]
Computer Operator
ကောင်းတစ်ယောက်ဖြစ်လိုလျှင်

ကြော်ငြာဒီဇိုင်းများပန်တီးနိုင်ရန်အတွက်
Graphic Design Course
[Duration 80 Hours]
Graphic Designer
ကောင်းတစ်ယောက်ဖြစ်လိုလျှင်

(ရုံးချုပ်) ၅၉၀ - ၅၉၂၊ ကုန်သည်လမ်းနှင့် ၃၆လမ်းထောင့်၊ ကျောက်တံတား။ ဖုန်း - ၂၄၉၃၅၅/၃၈၀၇၇၆/၃၈၁၁၂၉
(ဆိပ်ကမ်းသာ) ၅၅ - ၅၇၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား။ ဖုန်း - ၃၉၁၂၈၆/၃၉၁၂၈၇/၃၇၃၈၅၅
(မြေနီကုန်း) ၃၃၀၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ ဖုန်း - ၅၂၇၄၃၆/၅၃၄၁၇၀/၅၀၂၂၃၃
(သိမ်ကြီးဈေး) သိမ်ကြီးဈေး စီရုံ၊ တတိယထပ်၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်း။ ဖုန်း - ၃၈၄၂၆၈/၃၈၄၆၄၁
(လှည်းတန်း - ၁) ၃၀၊ ပထမထပ်၊ တိုက် ၁၊ စီမံကိန်းအိမ်ရာ (၁)၊ အင်းစိန်လမ်း၊ လှည်းတန်း။ ဖုန်း - ၅၂၄၄၀၀/၅၀၅၃၉၉
(လှည်းတန်း - ၂) ၁၅၊ (၄ထပ်)၊ အင်းစိန်လမ်း နှင့် ဦးထွန်းလင်းချီလမ်းထောင့်၊ ကမာရွတ်မြို့နယ်။ ဖုန်း - ၅၀၂၂၁၀
(တာမွေ - ၁) အမှတ် - ၂၇၂၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း - ၅၄၁၃၂၈
(တာမွေ - ၂) အမှတ် - ၅/၁၀၊ ချိုင်းခရာအိုးစင်လမ်း၊ တာမွေမြို့နယ်။ ဖုန်း - ၅၄၆၆၀၀

၂၀၀၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရသူများ

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၀၇ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲကို **"နည်းပညာတိုးတက်မှုနှင့် ဆရာ့တာဝန်"** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ အခြေခံပညာမူလတန်းအဆင့် ဆရာဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆု ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းမြင့်၊ ဒုတိယဆု မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်လှယဉ်မြင့်နှင့် တတိယဆု ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်အေးမြတ်စန္ဒာထွန်းတို့က ရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲ

အခြေခံပညာအလယ်တန်းအဆင့် ဆရာဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆု မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မေလှိုင်ဦး၊ ဒုတိယဆု ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်တင်တင်ဝင်းနှင့် တတိယဆု မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်နန်းတင်ရီ (တက္ကသိုလ်နန်းဖြူဖြူထွန်း)တို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် ဆရာဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆု ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်မြင့်မြင့်သန်း (တူးမာ–ပညာရေး)၊ ဒုတိယဆု ပဲခူးတိုင်း (အနောက်ပိုင်း) လက်ပံတန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ခင်အိအိခိုင်နှင့် တတိယဆု နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်သီတာတို့က ရရှိကြသည်။

အဆင့်မြင့်ပညာအဆင့် ဆရာ ဆရာမများဆောင်းပါးပြိုင်ပွဲ၌ ပထမဆု တပ်မတော်ဆေးတက္ကသိုလ် အဏုဇီဝဗေဒဌာနမှ ကထိက (ဒုတိယဗိုလ်မှူးကြီး) ဒေါ်ကေသီဘုန်းနိုင်၊ ဒုတိယဆု ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာသန်းဝင်းနှင့် တတိယဆု ပုသိမ်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာနွယ်နွယ်စိုးတို့က ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **"အမှောင်ခွင်း၍ အလင်းဆောင်သူ"**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ရန်ကုန်တိုင်း ခရမ်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မခိုင်သဥ္ဇာနွယ်၊ ဒုတိယဆု ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမား အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မချောမြမြနှင့် တတိယဆု မွန်ပြည်နယ် မုဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်ကျောင်းမှ သတ္တမတန်းကျောင်းသူ မထူးနန္ဒာလွင်တို့က ရရှိကြသည်။

စာစီစာကုံးပြိုင်ပွဲ

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "အမှောင်ခွင်း၍ အလင်းဆောင်သူ"ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ရန်ကုန်တိုင်း ခရမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မဒေဝီထက်ထား၊ ဒုတိယဆု ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မသန့်ရည်လွင်နှင့် တတိယဆု ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မစောပြည့်ပြည့်နှင်းတို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ် ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **"ဆရာ့အရည်အသွေးမြှင့်တင်ပေး"**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု တောင်ငူပညာရေးကောလိပ်မှ ဒုတိယနှစ်(ဝိဇ္ဇာ)သင်တန်းသူ မသင်းသင်းအောင်၊ ဒုတိယဆု ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်မှ ဒုတိယနှစ်ဘီအီးဒီ သင်တန်းသူ မနန်းမြတ်မွန်ဦးနှင့် တတိယဆု ဘားအံပညာရေးကောလိပ်မှ ဒုတိယနှစ်(ဝိဇ္ဇာ)သင်တန်းသူ မတင်အေးညိုကလည်းကောင်း ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲကို **"ဆရာ့ကျေးဇူး မြင်းမိုရ်ဦး"** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မဖြိုးသီတာအောင်ကြည်၊ ဒုတိယဆု တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ဖြိုးပြည့်လင်းနှင့် တတိယဆု ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ဟိန်းမင်းအောင်တို့က ရရှိကြသည်။

မရွှိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ် ကျုံးကြီးလမ်း အမှတ် ၂၀၀(က)နေ မိခင်ကြီး ဒေါ်ပိုအား ရည်စူး၍ ဦးကျင်စွိနှင့် သားသမီးမြေးတစ်စုတို့က ကျောင်းအလှူငွေကျပ် တစ်သိန်းကို လှူဒါန်းရာ အကျိုးဆောင် ဒေါ်ကေသက်မော်က လက်ခံပြီး ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲကို **"ဆရာ့ကျေးဇူး မြင်းမိုရ်ဦး"**ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ကချင်ပြည်နယ် ဗန်းမော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမြမြဝင်း၊ ဒုတိယဆု ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဆုဇင်ဇင်စိုးနှင့် တတိယဆု မကွေးတိုင်းရေနံချောင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမျိုးမို့မို့ဦးတို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့်ကဗျာပြိုင်ပွဲကို **"အတတ်လည်းသင် ပဲ့ပြင်ဆုံးမ"**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ စတုတ္ထနှစ် ဘီအီးဒီ သင်တန်းသား မောင်ဆလိုင်းပိုင်းထန်း၊ ဒုတိယဆု မကွေးပညာရေးကောလိပ်မှ ဒုတိယနှစ် (၁၀/၀၅) သင်တန်းသား မောင်အံ့ကျော်မြင့်နှင့် တတိယဆု ပုသိမ်ပညာရေးကောလိပ်မှ ဒုတိယနှစ်သင်တန်းသား မောင်ဆန်းပြည့်လွင်တို့က ရရှိကြသည်။

နောက်ဆုံးထားသတင်းပို့

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာ ၂ ရက် (အင်္ဂါနေ့) ညနေ နောက်ဆုံးထား၍ နေပြည်တော် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာကျော်ဝင်းစိုး ဖုန်း–၀၆၇-၄၂၀၁၃၈ ထံ လူကိုယ်တိုင် မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

သံဖြူဇရပ်မြို့ ဟံသာဝတီတိုက်သစ် ဘုန်းတော်ကြီးသင်ကျောင်း

ပညာရည်ချွန်ဆုနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

သံဖြူဇရပ် စက်တင်ဘာ ၇

သံဖြူဇရပ်မြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ သံဖြူဇရပ်မြို့ ဟံသာဝတီတိုက်သစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၈ရက် က ယင်းကျောင်းတိုက်၌ ကျင်းပသည်။

သီလခံယူ

ရှေးဦးစွာ ဟံသာဝတီတိုက်သစ် ဦးစီးပဓာန နာယကဆရာတော် (ကျောင်းအုပ်)ဆရာတော်ဘဒ္ဒန္တတေဇောဘာသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်က ဘုန်းတော်ကြီးသင် ပညာရေးကျောင်း စတင်ခဲ့ပုံ အခြေအနေကို ရှင်းပြသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး (ငြိမ်း) ဦးခင်မောင်ဦးက ပညာရေးဆိုင်ရာ သင်ကြားမှု၊ သင်ယူမှု အခြေအနေများကို ရှင်းပြသည်။

ထို့နောက် ပညာရည်ချွန်ဆုရရှိသော ကျောင်းသားကျောင်းသူများအား မြို့နယ်သာသနာရေး ဦးစီးမှူး ဦးသော်တာသွင်၊ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးခင်မောင်ဦးနှင့် ပညာရေးစေတနာရှင်များကဆုများချီးမြှင့်ကြပြီး အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဟံသာဝတီတိုက်သစ် ဦးစီးပဓာနနာယက ဆရာတော်(ကျောင်းအုပ်) ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံ ပညာရေး စေတနာရှင်များက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် စုပေါင်းအလှူငွေများ ပေးအပ်ကြသည်။

အဆိုပါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ၂၀၀၇–၂၀၀၈ ပညာ သင်နှစ်တွင် သူငယ်တန်းကျောင်းသား ကျောင်းသူ ၈၃ ဦး၊ ပထမတန်း ၅၅ဦး၊ ဒုတိယတန်း ၃၄ဦး၊ တတိယတန်း ၁၉ ဦး၊ စတုတ္ထတန်း ၁၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၀၂ ဦး ပညာသင်ကြားလျက်ရှိရာ သင်ကြားမှု အထောက်အကူ ဖြစ်စေရေးအတွက် လှူဒါန်းလိုသည့် စေတနာရှင်နှင့် အလှူ ရှင်များက ဦးစီးပဓာန နာယက ဆရာတော် (ကျောင်းအုပ်) ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးနှင့်အဖွဲ့ ဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ထားသော အမှတ်(၁)လမ်းမကြီးတစ်လျှောက် မြေယာရှုခင်းပြုပြင်၍ ပန်းအလှပင်များ စိုက်ပျိုးထားမှု အခြေအနေကို ဩဂုတ် ၂၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

နှစ်ဖက်သော မိဘများအား ရည်စူး၍ ကမ္ဘောဇလွယ်အိတ် မိသားစု (ဗိုလ်ချုပ်ဈေး သစ်) မှ ဦး သက် ဝင်း–ဒေါ်နန်းအေးမြင့်၊ စိုင်းကောင်းစံ–ဒေါ်ခင်မေသက်၊ စိုင်းမင်းကျော်စံ၊ စိုင်း မော် ဟိန်း၊ နန်းယွန်းမီမီဦး တို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်တစ်သိန်းနှင့် တိပိဋက ကျောင်းတော် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်နှစ်သိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တံတားပြုပြင်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလော–ကတ်ထိုက်ကျေးရွာချင်းဆက် သစ်သားတံတားပြုပြင် ဆောင်ရွက်ရန်အတွက် ဩဂုတ် ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပျော်ဘွယ်၌ကျင်းပ

ပျော်ဘွယ် စက်တင်ဘာ ၁၄

(၁၅)ကြိမ်မြောက် ပျော်ဘွယ်မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌေး၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌတို့က ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။ **(၂၅၀)**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

အမ်း စက်တင်ဘာ ၇

အမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် မြို့သန့်ရှင်း သာယာလှပရေးအတွက် ဈေးရပ်ကွက် ဇေယျာသုခလမ်းတွင် ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကို ဩဂုတ် ၃၁ ရက်က ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးညီညီဆွေတို့ ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ခြင်းဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

တောင်ကြီး စက်တင်ဘာ ၁၅

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် မြို့မရပ်ကွက် မြောက်ကျောင်းလမ်းတွင် စက်တင်ဘာ ၁၁ ရက်က ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်မိရပ်ဖများ ပူးပေါင်း၍ ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းတို့ ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မြေယာရှုခင်းအလှ

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၃) ဒေါ်တင်တင်စိုး ရောရွှေလီခန်းမရှေ့တွင် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ခြင်းဆေးဖျန်းလုပ်ငန်း စုပေါင်း ဆောင်ရွက်

လင်းခေး စက်တင်ဘာ ၈

လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်း၌ ပြည်နယ်ငှက်ဖျား ဆရာဝန်ကြီး ဒေါက်တာအောင်နိုင်ချို၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေတို့ ဦးဆောင်၍ ဩဂုတ် ၃၁ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ စုပေါင်းကာ ခြင်းဆေးဖျန်းခြင်း လုပ်ငန်းများဆောင်ရွက်ကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

မြေသားလမ်းပြုပြင်

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ ရက်က ဆိုင်ဆတ်၊ ဟွေရှုန်ကျေးလက်မြေသားလမ်း ပြုပြင်မှုကို အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
တော်သလင်းလပြည့်ကျော် ၂ ရက်
၂၈–၉–၂၀၀၇ (သောကြာနေ့) နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ **(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး)**

၁၁း၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး (မွေးမြူရေးရာ ပြန်ကြားလွှာ)

၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၂း၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်ဆီးဖြူပင်)

၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (အထုပ်မှားသူ)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီ တေးပန်းချီ
(၁) မြစ်ရေတစ်လှည့် မိုးရေတစ်ပေါက် (ကိုမြကြီး)
(၂) စနေနေ့မှာ ရွာတဲ့မိုး (တိုးတိုးလွင်)
(၃) ရေမပါ ရွာတဲ့မိုး (မောင်မောင်ကြီး)

၁၇း၃၀ အဘိုးအဘွားအလေးထားကဏ္ဍ (နေပြည်တော်တပ်ကုန်းမြို့ ရွာသစ်ရွာမှ အဘိုးအဘွားများနှင့် ဆွေးနွေးခန်း)

၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ရျောင်းဆိုးကင်းစင် ရွှေကွမ်းပင်)

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရဖြစ်မှုရာပုံတော်– ပထမပိုင်း–မောင်ဆုရှင်)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဆယ်ရက်ဆယ်ကမ္ဘာ မမေ့သာ (မျိုးမြင့်လေး)
(၂) စကားဝါပန်း (ဌေးဌေးမြင့်)
(၃) မေ့အချစ်မြား (စန္ဒရားချစ်ဆွေ)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးဖြစ်သော အတ္တရံ(၂)ရေပေးရေးဝင်းအတွင်း စနစ်တကျ ရေပေးနေမှုကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ)ဦးခင်လတ်နှင့် ဒုတိယညွှန်ကြားရေးမှူး (အင်/ယာ)ဦးစိုးကိုကိုတို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးအေးဆွေနှင့် အင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့က ရေစုဆောင်းပေးဝေမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

မိုးစပါးစိုက်ကေပြည့်မီရေးနှင့် စိုက်နည်းစနစ်များ မှန်ကန်ရေးဆောင်ရွက် ကင်းဘက်ရေသောက်မြောင်းလယ်ကွင်းများ ရေလုံလောက်စွာရရှိရေး ညှိနှိုင်း

မြစ်ငယ် စက်တင်ဘာ ၁၅

မန္တလေးတိုင်း အမရပူရမြို့နယ်တွင် မိုးစပါးစိုက်ကေပြည့်မီရေးနှင့် စိုက်နည်းစနစ်များ မှန်ကန်စေရေးအတွက် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသန်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်ဇော်၊ မြို့နယ်ဆည်မြောင်းဦးစီးမှူး ဦးကျော်ညွန့်နှင့် မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးသိန်းလွင်တို့နှင့်အတူ ဩဂုတ် ၂၂ရက် နံနက်ပိုင်းက အမရပူရမြို့နယ် အရှေ့ခြမ်းရှိ တမုတ်ဆိုးကျေးရွာ၊ မုံတောကျေးရွာ၊ ကင်းဘက်ကျေးရွာနှင့် တောင်ကိုင်းကျေးရွာအုပ်စုများသို့ ရောက်ရှိကြသည်။

ရေးဦးစွာ ခရိုင်မန်နေဂျာ ဦးကျော်မြင့်နှင့်အဖွဲ့သည် ကျေးရွာအုပ်စု ဥက္ကဋ္ဌများ၊ ကျေးရွာစိုက်/ညှိအဖွဲ့ဝင်များနှင့် တောင်သူများအားတွေ့ဆုံပြီး ကင်းဘက်ရေသောက်မြောင်းတစ်လျှောက်ရှိ လယ်ကွင်းများအား ရေလုံလောက်စွာရရှိရေးအတွက် ညှိနှိုင်းစိစစ်ဆောင်ရွက်ပေးသည်။

နည်းစနစ်

ထို့နောက် ၎င်းကျေးရွာအုပ်စုများ၏ လယ်ကွင်းများတွင် ဆင်းသွယ်ရင် မိုးစပါးစိုက်ပျိုးရန် ထွန်ယက်နေမှုများ၊ ပျိုးနုတ်နေမှုများနှင့် စိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး နည်းစနစ်မှန်ကန်ရေးတို့ကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၉)

ပြင်ဦးလွင်မြို့ စာကြည့်တိုက်များသို့ သတင်းစာနှင့် စာအုပ်များ လှူဒါန်း

ပြင်ဦးလွင် စက်တင်ဘာ ၉

ဒုတိယအကြိမ်ကျေးရွာစာကြည့် တိုက်များအတွက် သတင်းစာ၊ စာအုပ်များပေး အပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက်က ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က ရပ်ကွက်၊ ကျေးရွာတိုင်း စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ စာကြည့်တိုက်လုပ်ငန်းများ ပီပီပြင်ပြင် ဆောင်ရွက်ကြရန်၊ ပြည်သူများကလှူဒါန်းထားလျက်ရှိသော သတင်းစာနှင့်စာအုပ်များကို စနစ်တကျထိန်းသိမ်း၍ ပြည်သူများ ဖတ်ရှုနိုင်အောင် စီမံဆောင်ရွက်ကြရန် ပြောကြားပြီး ခရိုင်ဥက္ကဋ္ဌ ဦးမင်းလွင်ကမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နုအေးထံသို့ သတင်းစာနှင့် စာအုပ်များပေးအပ်လှူဒါန်းသည်။

အဆိုပါ ပြင်ဦးလွင်ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက သတင်းစာ၊ စာအုပ်များကို ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များအား လစဉ်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။ (၂၈၀)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဩဂုတ် ၁၀ရက်က ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့အဝင် မြေယာရှုခင်းအလှဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြင်းခြံမြို့နယ် ဥပဋ္ဌာကမှ သာသနာပြုအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

မြင်းခြံ စက်တင်ဘာ ၈

မြင်းခြံမြို့နယ် ဥပဋ္ဌာကသာသနာပြုအဖွဲ့၏ ၂၀၀၆–၂၀၀၇ ခုနှစ် ဒုတိယအကြိမ် တတိယနှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၂၈ရက်က မြင်းခြံမြို့ မင်းကျောင်းတိုက် တိပိဋကအဘိဓဇမဇ္ဈာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏဝံသနှင့် အဖွဲ့ဝင်ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး မြို့နယ်ဥပဋ္ဌာက သာသနာပြုအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်နှင့် အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ဥပဋ္ဌာက သာသနာပြုအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညို ကြသည်။

တင်ပြ

ရေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်က အဖွင့်ဩဝါဒကထာ ချီးမြှင့်တော်မူပြီး ဥက္ကဋ္ဌ ဦးတင်အောင်က အဖွဲ့ကြီး၏ သာသနာပြုဆိုင်ရာ ဆောင်ရွက်ချက်ကို လည်းကောင်း၊ အကျိုးတော်ဆောင်ချုပ် ဦးရှိန်(စိန်ကမ္ဘာ)က နှစ်ပတ်လည်အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာတော်ထိန်း ဦးထိန်ဝင်းက ဘဏ္ဍာရေးဆိုင်ရာများကို လည်းကောင်း စာရင်းစစ်ချုပ် ဦးသိန်းထွန်းက စာရင်းစစ်ဆေးပြီးစီးမှုကို လည်းကောင်း တင်ပြကြကြောင်း သိရသည်။ (၄၀၂)

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားမှုအခြေအနေကို ဩဂုတ် ၂၄ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဇော်ဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်သီတာမြင့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပင်လောင်းစည်ပင်သာယာ သွေးလွန်တုပ်ကွေးကာကွယ်ရေး သန့်ရှင်းရေးဆောင်ရွက်

ပင်လောင်း စက်တင်ဘာ ၁၂

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် စက်တင်ဘာ၁ရက်က မြို့မရေဆိုးထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းဘေးဝဲယာတစ်လျှောက် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းကို အဖွဲ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်း ဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့် အမှုဆောင်အရာရှိ ဦးကျော်စိုးတို့ ကြပ်မတ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သနပ်ပင်–ဖရဲ–ကမာဖရုံ မြို့နှင့်ကျေးလက်ဆက်သွယ်ထားသော မြေသားလမ်းကို အဖွဲ့ရန်ပုံငွေဖြင့် ၂၀၀၇–၂၀၀၈ခုနှစ်တွင် အဆင့်မြှင့်ဂဝံလမ်းခင်းရန် ဂဝံကျောက်များ စုဆောင်းထားမှုကို စက်တင်ဘာ ၁၃ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့်အဖွဲ့ စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဝေက ရှင်းလင်းတင်ပြစဉ်။ (၃၄၇)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း အငယ်တန်း အင်ဂျင်နီယာ (၂) ဦးယဉ်မင်းဦးနှင့်အဖွဲ့ ယာဉ်၊ စက်ယန္တရားများ ပြင်ဆင်မှုကို ဩဂုတ် ၂၅ ရက်က အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြင်းမူလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ကျေးရွာများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

မြင်းမူ စက်တင်ဘာ ၁၀

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျေးရွာများသို့ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၂ရက်က အလ္လကပ္ပ စံပြကျေးရွာပြည်သူ ၇၁၈ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပသည်။

ပေးအပ်

ရေးဦးစွာ တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးမှူး ဦးစိန်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးအေးလွင်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းပေးအပ်ကြောင်း သိရသည်။ (၁၆၇)

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့ ဩဂုတ် ၂၀ရက်က ပေါက်တောမြို့ အမှတ်(၁)ရပ်ကွက် မြို့ပတ်လမ်းအမှတ်(၂) ကွန်ကရစ် ရေပြွန်တံတား တည်ဆောက်နေမှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

27-9 (16) 1 9/27/07, 1:08 AM

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးသို့ စက်ကိရိယာများ လှူဒါန်းပွဲနှင့် ကလေးဆေးရုံ တိုးချဲ့ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ်၂၇ရက်က မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ လှူဒါန်းငွေကျပ် ၄၁၉၈၅၀၀ ကို ပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်က လက်ခံယူစဉ်။ (၁၆၈)

ပစ်တိုင်းထောင်စာကြည့်တိုက် အဆောက်အအုံဖွင့် စာအုပ်လှူဒါန်းပွဲနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်း

မအိ စက်တင်ဘာ ၂

မအိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ၊ စာအုပ်လှူဒါန်းပွဲနှင့် ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁ရက် နံနက် ၁၁နာရီက မအိမြို့ လမူး ကျေးရွာအုပ်စု မော်ရွာကျေးရွာ ပစ်တိုင်းထောင်စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ပစ်တိုင်းထောင်စာကြည့်တိုက်အဆောက်အအုံကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဒုတိယဦးစီးမှူး ဦးစန်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဌွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍မြို့နယ်ဒုတိယဦးစီးမှူး ဦးစန်းဝင်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးပြောကြားပြီး ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးသိန်းဟန်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူး ဦးစန်းဝင်းက သုတ၊ ရသစာအုပ်မျိုးစုံ အုပ် ၃၀ကျော်၊ ပြည်သူများက ငွေကျပ် ၁၁၇၅၀၀နှင့် စာအုပ်မျိုးစုံ အုပ် ၇၀တို့ကို လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဩဂုတ် ၁၁ ရက်က ကျိုက်မရောမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ်နှင့် ပန်းအလှပင်များ ပျိုးထောင်မှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေစိုးကျော်တို့က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

တနိုင်း ပြန်/ဆက် ဝန်ထမ်းများ စာဖတ်ဝိုင်းကျင်းပ

တနိုင်း စက်တင်ဘာ ၁

ကချင်ပြည်နယ် တနိုင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးဦးဖုန်းနိုင်ဦးစီး၍ ဝန်ထမ်းများ၏ စာဖတ်ဝိုင်းကို ဩဂုတ် ၇ ရက် ညနေ ၃နာရီက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာမြို့နယ် ဦးစီးမှူးဦးဖုန်းနိုင်က စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာတပ်ကျွမ်းကျင်(၂) ဦးကဲရှန်းက နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းမှ စာရေးဆရာချစ်နိုင် (စိတ်ပညာ) ရေးသားသော မိမိကိုယ်ကို တန်ဖိုးထားမှု ဆောင်းပါးကိုလည်းကောင်း၊ ရုပ်သံကျွမ်းကျင်(၃)ဒေါ်ခင်ဝင်းမူက မြန်မာ့အလင်းသတင်းစာပါ စာရေးဆရာကိုကဲ၏ တက်ကျိုးရင်လက်ထိုးလှော်မယ် ဆောင်းပါးကိုလည်းကောင်း၊ အငယ်တန်းစာရေးဒေါ်ရွယ် အောင်ကဒို့ကျေးရွာဂျာနယ် အတွဲ(၄) အမှတ်(၁၄)မှ ပတ္တမြားလိုဏ်ဂူခေါင်းကြီး ပိုင်းကို လည်းကောင်း ဖတ်ကြား ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို နှင့်အဖွဲ့ ဩဂုတ်၆ရက်က ကျောက်တံခါးမြို့ ယုဇနလမ်း ကတ္တရာခင်းရန် ကျောက်စုဆောင်းထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

နေပြည်တော် ပျဉ်းမနား မီးသတ် ဦးစီးဌာနက ကြီးမှူး၍မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ နှင့် လက်တွေ့မီးငြိမ်း သတ်နည်းလက်တွေ့ ပြသပွဲကို ဩဂုတ် ၂၂ရက်က အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမတွင် ကျင်းပရာမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးအောင်မြင့်ဆွေက အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ များအား မီးသတ်ဘူးများဖြင့် ကျောင်းရှေ့ရင်ပြင်တွင် မီးငြိမ်းသတ်ပုံများကို လက်တွေ့ပြသကြစဉ်။ (၀၉၉)

မြို့သစ်မြို့ သာယာလှပရေး ဆောင်ရွက်

မြို့သစ် စက်တင်ဘာ ၂

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့်အဖွဲ့သည် ဩဂုတ် ၂၃ ရက်က မြို့သစ်မြို့သို့ ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့သာယာလှပရေးလုပ်ငန်းများနှင့် သရဖီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျောက်များ စုဆောင်းထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ဟန်တို့က မြို့သာယာလှပရေး လုပ်ငန်းများနှင့် ကျောက်စုဆောင်းထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျောက်ပန်းတောင်းမြို့နယ် ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လု

ကျောက်ပန်းတောင်း စက်တင်ဘာ၂၀

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မိုးရာသီရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ရက် ညနေ ၅နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နောက်ဆုံးဗိုလ်လုပွဲကို ပြည်တော်သာရပ်ကွက် ဘောလုံးအသင်းနှင့် စံပြရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်တော်သာရပ်ကွက် ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် အနိုင်ရဗိုလ်စွဲသွားသော ပြည်တော်သာရပ်ကွက်အသင်းအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းဥယျာဉ်အတွင်း စက်တင်ဘာ ၁ရက်က အဖွဲ့ရုံးဝန်ထမ်းများဖြင့် မြေယာရှုခင်းအလှ ပြုပြင်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဌေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးကိုကိုတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဩဂုတ် ၁၈ရက်က မကွေးတိုင်း စလင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင် အရာရှိ ဦးသန်းဦး ဦးဆောင်သော မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဒေသခံ ကျေးရွာ ပြည်သူများရွှေတွင်း တူး-တမာချောင် ကျေးရွာ ချင်းဆက် လမ်းဘေးဝဲယာတွင် ခြံစည်းရိုးကြက်ဆူပင် ၃၆၀၀ကို စိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြဝတီခရိုင် ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လု

မြဝတီ စက်တင်ဘာ ၁၂

ကရင်ပြည်နယ် မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒိုင်းနောက်ဆုံး ဗိုလ်လုပွဲကို စက်တင်ဘာ ၆ရက် ညနေ ၃နာရီခွဲက မြဝတီအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အသင်း ၁၂သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး နောက်ဆုံးဗိုလ်လုပွဲတွင် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ဘောလုံးအသင်းနှင့် မြဝတီမြို့နယ် ရွှေကုက္ကိုကျေးရွာ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရွှေကုက္ကိုအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမဆုရ ရွှေကုက္ကိုဘောလုံးအသင်းအား ငွေသားဆုနှင့် ဆင့်ပွားဒိုင်းကို ခရိုင်ဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်က ချီးမြှင့်ပြီး အကောင်းဆုံးဂိုးသမားဆု၊ အလယ်တန်း၊ ရှေ့တန်းဆုနှင့် နေရာအလိုက် အကောင်းဆုံးဆု၊ တစ်ဦးချင်း ဆုတံဆိပ်လည်ဆွဲနှင့် ဒုတိယဆုရဘောလုံးအသင်းအား ငွေသားဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြင်ဦးလွင်၌ မေးခိုင်ရောဂါ ကာကွယ်ဆေးထိုး

ပြင်ဦးလွင် ဩဂုတ် ၃

ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ ပဒေသာကွက်သစ် ရပ်ကွက်ကြီး(၈) ကျန်းမာရေးဦးစီးဌာန အဆောက်အအုံ၌ မေးခိုင်ရောဂါကာကွယ်ရေး ကွင်းဆင်းစစ်ဆေးကုသရေးကို ဩဂုတ် ၂ရက် နံနက် ၁၀နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင်ညိုညိုလတ်က မေးခိုင်ရောဂါ ကြိုတင်ကာကွယ်ဆေး ထိုးပေးရခြင်း အကြောင်းရင်းများ၊ အိမ်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေဆိုးရေမြောင်းများမရှိရေး၊ ရပ်ကွက်အတွင်း တိရစ္ဆာန်များ မမွေးရေးမှာကြားပြီး ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာ ရင်ရင်အောင်နှင့် ကျန်းမာရေးဦးစီးဌာနမှ ဆရာမကြီး ဒေါ်ခင်မြမာနှင့် ဒေါ်တင်တင်အေးတို့က ကျန်းမာရေးကြည့်ရှုစစ်ဆေးပြီး မေးခိုင်ရောဂါကာကွယ်ဆေးထိုးပေးကြကြောင်း သိရသည်။ **(၂၈၀)**

ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်၊

★ အေးချမ်းမှုကို လိုလားသည်၊

★ ဆူပူအကြမ်းဖက်မှုကို မလိုလား။

လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား ဆန္ဒပြလူအုပ်စုက ခဲဖြင့် ပစ်ပေါက်၊ လေးခွဖြင့်ပစ်၊ လူအင်အားသုံးဝင်ရောက်သဖြင့် တားဆီးထိန်းသိမ်းရဲအရာရှိကြီးနှစ်ဦးနှင့် တပ်ဖွဲ့ဝင်ခြောက်ဦးဒဏ်ရာရ၊ ဆန္ဒပြအုပ်စုမှ တစ်ဦးသေ၊ သုံးဦးဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၂၆

စက်တင်ဘာ ၂၆ ရက် မွန်းတည့် ၁၂ နာရီခွဲခန့်တွင် သံဃာများနှင့် လူများပါဝင်သော အင်အား ၁၀၀၀၀ ခန့်ရှိ ဆန္ဒပြအုပ်စုတစ်စုသည် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းမီးပွိုင့်အနီးသို့ ရောက်ရှိလာခဲ့သည်။ ၎င်းလူအုပ်စုတွင် ဘုန်းကြီးဆိုသူများ၊ ၈၈ မျိုးဆက်ကျောင်းသားဆိုသူများ၊ ABSDF အဖွဲ့ဝင် အကြမ်းဖက်သူများနှင့် NLD မှ အဖွဲ့ဝင်များပါဝင်ပြီး တောင်းဆိုချက်များ အော်ဟစ်တောင်းဆိုခြင်း၊ ကြွေးသံပေးအော်ဟစ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❒

သံဃာအချို့နှင့် လူပုဂ္ဂိုလ်အချို့မှ ရပ်ကွက်များအတွင်းရှိ အိမ်များသို့ဝင်ရောက်ဆူပူမှုတွင် ပါဝင်ရန်နှင့် မပါဝင်နိုင်ပါက ငွေကြေး၊ ပစ္စည်းများ ထောက်ပံ့လှူဒါန်းရန် အဓမ္မတိုက်တွန်း၊ အကျပ်ကိုင် ခြိမ်းခြောက်မှုများပြုလုပ်နေ

ဤသို့ အဓမ္မတိုက်တွန်း၊ အကျပ်ကိုင် ခြိမ်းခြောက်မှုများခံရပါက သက်ဆိုင်ရာ လုံခြုံရေး၊ ရယက၊ မယကနှင့် ဒေသအာဏာပိုင်များသို့ တယ်လီဖုန်း သို့မဟုတ် လူကိုယ်တိုင် တိုင်ကြားနိုင်ကြောင်း သက်ဆိုင်ရာက နှိုးဆော်ထား

နေပြည်တော် စက်တင်ဘာ ၂၆

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲ၍ နေ့မအား ညမနား ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ဤသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသော နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ခဲ့သောကြောင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို နယ်မြေအသီးသီးရှိ တိုင်းရင်းသား ပြည်သူများ လက်တွေ့ခံစားနေရပြီဖြစ်သည်။

သို့ရာတွင် ထိုသို့ နိုင်ငံတော်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မှုများကို မနာလိုမရှုဆိတ်သော ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများနှင့် ပြည်ပအသံလွှင့်ဌာနကြီးအချို့က မဟုတ်မမှန် သွေးထိုးလှုံ့ဆော်ပြီး နှုတ်ကြောင်းပေး၍ ပြည်တွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် ဆူပူအုံကြွမှုဖြစ်စေရန် လုပ်ဆောင်မှုကြောင့် ယခုအခါ ရန်ကုန်မြို့အပါအဝင် နိုင်ငံအတွင်းရှိ မြို့ကြီးအချို့တို့တွင် သံဃာအချို့နှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ အဖျက်အမှောင့်သမားများသည် စီတန်းလမ်းလျှောက်ဆန္ဒပြခြင်းများ ပြုလုပ်လျက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●